စိတ်ကူးချိုချိုအနုပညာ

ကာတွန်း

# တင်အောင်နီ

# လောင်အရင်လို မဟုတ်တော့ဘူး

ဝတ္ထု

ရဲဘော်ခင်အောင်

(နှမ်ဆမ်)



ဒုတိယအကြိမ်

C A R T O O N W I N A U N G

စိတ်ကူးချိုချိုစာအုပ်



ကာတွန်း

# တင်အောင်နီ

# လောင်အရင်လို မဟုတ်တော့ဘူး


ဒုတိယအကြိမ်၊ ၂၀၂၁

လောင်အရင်လို မဟုတ်တော့ဘူး။ ကာတွန်းတင်အောင်နီ
စာမျက်နှာ ၁၆၀ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*



"ကဲ မြန်မြန်လေးလေဦး လောပါ မိညိုရယ်" တွဲ့ချွေး တွဲ့ချွေးနှင့် လှမ်းလျှောက်လာသူ ခင်ထားညို အား စိတ်မရှည်သဖြင့် စိုးစိုးထက်က လှမ်းပြောလိုက်သည်။



"ဖြည်းဖြည်းပေါ့ မိစိုးရယ် ရထားက ဘယ်ထွက်ပြေးမှာလိုက် လို့ တကယ်တည်းမှုပဲ" ဘူတာကြီးအတွင်း ခရီးသွား ခရီးလာ လိုက်ပို့သူများနှင့် စည်ကားနေသည်။




ရထားပေါ်သို့ စိုးစိုးထက်နှင့် ခင်ထားညိုတို့ နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လှမ်းတက် လိုက်ကြသည်။
ကိုကိုလွင် ပြောလိုက်တာက ခုံနံပါတ် ခ-ဖ ဂ-ဖ နော်မညို
ဟုတ်မှာပေါ့ ကိုယ်လည်းမမှတ် မိဘူး
အထက်တန်းတွဲ အတွင်း ခရီးသည် များက နေရာကိုယ်စီ ရောက်နေ ကြပေပြီ။
၂




ဒီမှာပေါ့ ဖိုးစိုး... ဟောတော်.....
ခင်ထားညိုက ခုံနေရာကို ရှာတွေ့
လိုက်ပါသည်။ သို့သော်...



အနား ပွာလန်ပြီး အရောင်မပေါ်တော့သည့် ဂျင်းအင်္ကျီ
ဂျင်းဘောင်းဘီနှင့် စစ်ဦးထုပ်ဟောင်း တလုံးကို မျက်နှာ
ဖုံးသည်အထိ ဆောင်းထားသူ တဦးက ဂ-၆ ခုံနေရာတွင်
အခန့်သား နေရာယူထားသည်။



သူ့နေပုံကလည်း သင်း သည်။ ခြေစုံဆင်း၍ လက်ပိုက်ကာ တရှူးရှူး နှင့် အိပ်ပျော်နေ၏။ စားပွဲပေါ်တွင်လည်း စားလက်စ ဘီစကွတ်ယှန့်ထုပ်ကြီး တထုပ်နှင့် ရေတ ပုလင်း။



‘ဟွန်း နေပုံထိုင်ပုံက ကိုးရိုးကားရား ဘယ်လို လူစားပါလိမ့်’
စိုးစိုးထက်က နှာခေါင်း ရှုံ့လိုက်ပြီး တွဲလာသည့် ခြင်းနှင့် လွယ်အိတ်များကို နေရာ ချထားလိုက်သည်။




ဟေ့ မိုညို ဘာငိုင်နေတာလဲ လွယ်အိတ်တွေ စင်ပေါ်တင်ကြာ နောက်ပြီး မင်းလူကို နှိုးလိုက် ဘယ်နှယ် သူများနေရာ ဝင်ထိုင် နေရတယ်လို့
ချွေးကောင် ပုံပျက်ပန်းပျက်ဆို တွန်းပို့ပြီ ငါ့ဘက် ကို...
သူ့ခမျာ အိပ်ပျက်နေရှာပါတယ်ဆော အိပ်ပါစေဟဲဟင်း



စင်ပေါ်သို့ လက်ဆွဲအိတ်များ ကို
ဝုန်းကနဲ ဒိုင်းကနဲ အသံမြည်အောင်
ပစ်တင်နေသော လေညူး အိပ်ပနေသည့်
ပုဂ္ဂိုလ်က မနိုး။ တုတ်တုတ်မျှမလှုပ်။



“အမယ်လေး...
လေး... ကာလ
နဂါးသေလို့များ
ဝင်စားသလား
မသိဘူး ဒီလောက် ဆူညံနေတဲ့ အထဲမှာတောင် ပျော်
အောင် အိပ်နိုင်တယ်နော်.. ထူးရော.. အံ့ရော..”
ခင်ထားညိုက အံ့အံ့ဩဩ ဖြစ်နေရှာသည်။




မချော ကိုယ့်လူကိုကိုယ် ချီးမွမ်းခန်း သိပ်ဖွင့်မနေနဲ့ ရှုံးလိုက်စမ်းပါလို့ ဆို
မင်းဟာမင်း ရှုံးပါလေစား ကွ..
ဟော့လူ ဟော့လူ ဒီမှာ.. စိုးစိုးထက်က ခြေမြန်လက်မြန် နှင့် ဗိုလ်ပြနေသူ ပခုံးကို လှမ်းပုတ်လိုက်သည်။
အမေ့
ဟော... ဟုတ်ပေါင် ယောင်လို့




ဆတ်ကနဲ လှမ်းပုတ်သည့်
လက်ကို ညာလက်နှင့် ဖျက်ဖယ်
လိုက်ပြီး ဘယ်လက်နှင့် လှမ်း
တွန်းရန် ဟန်ပြင်လိုက်၏
ခေါက်ခွေထားသည့် ဒူးက စန်း
၏ ခုံတွင်အသာသင့်ထိုင်ပြီး ဖြစ်နေသည်



"ဟင် ဘယ်လိုလူလဲ
သူများ နေရာလဲ
ဝင်ထိုင်သေးတယ်
နှိုးတော့ လည်း
တယ်ဟို"


စိုးစိုးထက်က ဖျက်ဖယ်လိုက်သဖြင့် နာသွားသည့်လက်ကို
ပွတ်နေသည်။





"ဟာ ဆောရီးဗျာ ယောင်သွားလို့ပါ ဘယ်လို.. ကျုပ်က
နေရာမှားထိုင်တယ် ဟုတ်လား ဒီမှာလေဗျာ လက်မှတ်"


ဟင် သူ့ လက်မှတ်က ၈-၆ ဆိုပဲ ကိုကိုလွင် ပြောတာ မှားပြီထင်ပါရဲ့
ကိုကိုလွင် မလာသေးဘူးလား မိညို ။ စိုးစိုးထက်က လှမ်းမေး လိုက်သည်။ ခင်ထားညိုက ပြတင်းတံခါးဝမှ အပြင်သို့ လှမ်းကြည့်လိုက်၏။
ဟောပါပြီရှင် ဟောပါပြီ ချွေးတလုံးလုံးနဲ့ အင်မတန် ပင်ပန်းနေတဲ့ ပုံပါပဲ သက်သက် အလုပ်မရှိ အလုပ်ရှာ






လေပ်ဂိတ်လေ့ပ်၍ သူတို့နှင့်အတူ ဂိတ်ပေါက်မှ ဝင်လာပြီးကာမှ သေတ္တာများကို စိတ်မချဟူ အကြောင်းမှုကာ ရထားတွဲ တချောက် လေချောက်ပန်းနေသူ ကိုကိုလွှင်ကို စိုးစိုးထက်က အစင်းသိ။

❛ထမ်းရပိုးရတာ မပူတော့ပေမယ့် လေဆိပ်ဂိတ် လော့ပ်တဲ့ နေရာမှာ ကိုယ့်ပစ္စည်းကိုယ် ဂရုစိုက်ရတာ ဘယ်လောက် ပင်ပန်းတယ်မှတ်သလဲ❜

❛ဒီမှာမြင့် ပင်ပန်းလှည်း လာသေးရဲ့. ဘူကပါ ဆီး အပြစ်တင်သေး တယ်❜





ကန့်ကလျာနှင့် ကိုစိုးလွင် ပြောပုံကို ကြည့်ယင်း ခင်ထားညိုက ကျိတ်ပြုံးနေပါသည်။ ❛ကဲ ဒါတွေ ထားလိုက်စမ်းပါ လက်မှတ်တွေ ထုတ်ပါဦး ကိုကိုလွင်က အဝင်တံခါးပေါက်မှာ လေယန်း ကျန်ခဲ့တော့ ဒီမှာ လက်မှတ်မပါလို့ နေရာ မှားနေတယ်❜




ကိုစိုးလွင်က လက်မှတ်များကို ထုတ်ပေးလိုက်ပါသည်။
အို! ၁-၅ နဲ့ ၁-၆ ဒါမြင့် တို့ နေရာ မှားတာ ပါ
ကဲ ကိုကိုလွင်က ဟိုရှေ့က ထိုင်ခုံမှာ ထိုင်
မြီးတို့ နှစ်ယောက်က ဒီမှာ ထိုင်မယ်


ဟင် စိုးနဲ့ကိုယ်က ခုံချင်းကပ်လျက် မဟုတ်လား
ကိုစိုးလွင်က နေရာပြောင်းပေးသည်ကို မကျေနပ်■ အထက်တန်း လက်မှတ် ယူကတည်းက စိုးစိုးနှင့်သူ ခုံချင်း ပူးနေစေရန် စီစဉ်ခဲ့သည် မဟုတ်လား■
ဟုတ်ပါတယ် ဒါပေမယ့် ခင်ထားညိုက ဟိုခုံမှာ ထိုင်ရဆို့ တော်ပါ့မလား ကိုကိုလွင်ရဲ့
စိုးစိုးထက်က မေးဆတ်ပြသည်■


ကိုစိုးလွင်က နှုတ်ခမ်းရှု၍
ရှေ့ခုံတွင် ဝင်ထိုင်သည်■
စိုးစိုးအပေါ် မလျှော့ဆန်နိုင်
သဖြင့် မျိုသိပ်ပြလိုက်ရသည့်
ဒေါသများကို တာဘက်လူ
အပေါ် ပုံချလိုက်၏■
ဟော့လူ
ခင်ဗျားအာထုပ်စုတ်
ကြီးနဲ့ ပူလောင်းကို
စားပွဲပေါ်ကချလိုက်
စမ်းဗျာ
ဒီစားပွဲက....
ခင်ဗျားတယောက်တည်း
သုံးဖို့ ထားတာ..
မဟုတ်ဘူး
တာဘက်လူက.
မျက်နှာတည်တည်
နှင့် ပြန်ကြည့်လိုက်
သဖြင့် ကိုစိုးလွင်
မြုံ့သွားသည်■

ဂျင်းဝတ်စုံနှင့်လူက သူ့စကားကို ဂရုမပြု ဘီစကွတ်မုန့် များကို တချပ်ပြီးတချပ် ပလုတ်ပလောင်း ဝါးစားနေသည် ဘေးတွင် လူရှိနေသည်ကိုပင် အသိအမှတ် ပြုပုံမပေါ်..



စားသောက်အပြီး နှုတ်ခမ်း ပါးနားသုတ်ကာ..

စောစောပိုင်းက ပင့်တင်ထားသည့် ဦးထုပ်ကို ပြန်ချ မျက်နှာဖုံးသည်အထိ ဆွဲချ ယင်း လက်ပိုက်လျက် ခြေစုံဆင်းပြီး အိပ်ဟန်ပြင် မှန်သည်။





မကြာသည့်ခင် မှိန်လျက်သွားပင်။ စိုးစိုးထက်နှင့်ခင်ထားဦးတို့ နှစ်ယောက်က တယောက်ကို တယောက် ကြည့်ယင်း ပခုံးတွန့် လိုက်ကြသည်။





ကိုစိုးလွင်က ရှဲကာကွဲ့ ကားနှင့်တဘက်သို့ လှည့်သွားပါ၏။


ရထားကြီးက တာဝန်မပျက် ခုတ်မောင်းလျက်
စိုးစိုးထက်နှင့် ခင်ထားညိုတို့ နှစ်ယောက်က
ခေါင်းချင်းဆိုင်၍ အိပ်ငိုက်စ ပြုလာပါသည်။
မှန်းချက်နှင့် နှမ်းထွက်မကိုက်သူ ကိုစိုးလွင်
တယောက်လည်း စိတ်ပျက်လက်ပျက်နှင့်
အိပ်ပျော်သွားပြီဖြစ်သည်။ ညဉ့်က
နက်သည်ထက် နက်လာသည်။ ရထား
အတွင်း ထွန်းထားသည့် မီးရောင်များက
ပတ်ဝန်းကျင်ကို အလင်းရောင်ပေးနေ၏။

မိုးလင်းပိုင်း။
ဥတ္တရ ဘူတာသို့ ရထား
ဆိုက်ချေပြီ။
သည်ဘူတာတွင် စားစရာ
စုံသည်။






စိုးစိုးတို့ တတွဲလုံးလည်း နိုးကြလေပြီ။
ဂျင်းဝတ်စုံနှင့် ကိုမျက်မှန်က အပျင်းကြော ဆန့်ယင်း
အပြင်သို့ ငေးမောကြည့်နေပါသည်။




ကိုစိုးလွင်က စာတမ်းသမား ထံမှ ကြက်သားကြော်နှင့် ဆီထမင်း လှမ်းဝယ်သည်။
"ဟွန်း ကိုကိုလွင်ကလည်း ကြက်သားကြော်နဲ့ ဆီထမင်း တော့ ဝယ်ပါရဲ့ သောက်ဖို့ ရေနွေးကြမ်းကလေး တောင် မရှိဘူး"
မျက်နှာသစ်ပြီး ပြန်လာသူ စိုးစိုးထက်က အပြစ်တင်လိုက် သည်။ ခြင်းထဲမှ ဓါတ်ဗူးကိုလည်း ထုတ်ပေးနေပြန်သည်။
"ကဲ လက်စနဲ့ ရေနွေးဝယ်ပေးဦး"

"ဟာကွာ ရထားက သိပ်ကြာကြာ ရပ်မှာ မဟုတ်ဘူး တော်ကြာ မတက်နိုင်လို့ ကျန်ခဲ့ယင် ဒုက္ခ" "ကိုကိုလွင်ဟာ လေ... အားကြီး စိတ်ပျက်ဖို့ ကောင်းတယ်"







ဂျင်းဝတ်စုံနှင့် ကိုမျက်မှန်က တွဲအောက်တွင် ရှိနေပါသည်■




ဒီမှာ ရေနွေး တဗူးလောက်
ဝယ်ပေးစမ်းပါ
ကိုချက်မှုန်က မောင်ကြာညို့ ခိုင်းလိုက်၏။
ခိုင်းယင် တန်ရာတန်ဖိုး ပေးရမှာနော် ခပ်တည်တည်ပင် သူက ပြောလိုက်သည်
အိုဗျာ ရပါတယ် ယူပါ ယူပါ ကိုမိုးလွင်က ငါးကျပ်တန် တရွက်နှင့် ဓါတ်ဗူးကို လှမ်းပေးလိုက်သည်။
၂၁

မကြာပါ.. ရေနွေးဓါတ်ဗူးနှင့် ကိုချက်မွှန် ပြန်ရောက်လာ
သည်။ ရထားလည်း ထွက်ပေပြီ။ 'ရော့.. ရော့..'
ဓါတ်ဗူးကို လှမ်းပေးလိုက်၏။




ဘာမျှ ပစောက်ဖေါင်းပေါ်က တယောက်ယောက် ဝယ်ခိုင်းယင် ပေးရမှာ တကျပ်ပေါ့!
ပဆူတ်ပါတယ် လမ်းပေါ်က ရှုဆိုယင် တကျပ်ပေါ့!
ကျုပ်က ရိုးရိုးတန်းရဲ့ သုံးဆ အထက်တန်းတွဲမှာ စီးလာတဲ့ သူလေ.. ဒီတော့ ဈေးကျပ် ကျမယ် လေးကျပ်
ဟင်း...တောက် ဖခ်ချိမခံသာနှင့် ကိုစိုးလွင် ဒေါပွသွားပါသည်။ ဘာမှတော့ မပြောရ။

စိုးစိုးထက်နှင့် ခင်ထားဦးတို့က မသိယောင် ပြုပြီး အစာ သာ စားနေကြသည်။ "ခက်တာပဲ စီးရမယ် ပဲဦး ဗြိတိသျှ ခေတ်တုန်းက ဆို အထက်တန်း တွဲတွေမှာ တကယ့် လူကြီး လူကောင်းတွေပဲ စီးရတာ.."



"မျက်နှာဖြူတွေ စီးတဲ့ တွဲဆိုယင် တခြား ဘယ်သူမှ မတက်ရဘူး ဆိုပဲ.."

"အခုခေတ်မှာတော့ ပိုက်ဆံပေး စီးယင် သောကော ရောကော ကလေကဝ အလေကဝတော စုံနေတာပဲ"



‘အို ကိုကိုလှိုင်ကလဲ’ ကိုစိုးလှိုင်၏ သိုးသိုးဖဲ့ဖဲ့ စကားကြောင့် စိုးစိုးထက် တဘက်သားကို အားနာ သွားသည်။


ဂျင်းဝတ်စုံနှင့် ကိုမျက်မှန်က တစ်စုံ တခုသော အနံ့ကို ရသဖြင့် နှာခေါင်းကို ရှုံ့ချည်ပွချည်ဖြင့် ခုံအောက်သို့ ငုံ့ကြည့်သည်။






‘ဘာလဲဗျ ဘာဖြစ်တာလဲ’ ကိုစိုးလှိုင်က ဝင်စပ်စုပြန်သည်။
‘ဪ ဒီတွဲထဲမှာ ကျွန်တော် နံ့သလိုပဲဗျာ.. အင်း မြန်မာပြည် လွတ်လပ်ရေး ရခဲ့တာ နှစ်သုံးဆယ်ကျော်ပြီ တချို့က ကျွန်စိတ် မကျွတ်သေးဘူး ကိုး..’




●ဟင်း● ကိုစိုးလွင် ကျွဲမြီး တို့သွားပြန်သည်■
ကိုစိုးလွင်က တိုင်းမ် မဂ္ဂဇင်းကို ဟန်ပါပါ ပြန်ဖတ်နေပါသည်■ မှန်ပေမည်■ သူ့လို တက္ကသိုလ်ကျောင်းတော်သား တယောက် အဖို့ တော်ရုံလူကို အထင်မကြီး နိုင်ပါ■
စတင်းဒတ် မရှိသူတွေနဲ့ တွေ့ပြော ယင် သိပ် စိတ်ပျက် စရာကောင်းတာပဲ


ရထားက မြို့သာယာ
ဘူတာကို နေ့လည်ပိုင်း
ရောက်သွားသည်။
စိုးစိုးထက်တို့လူစု မြို့သာယာ
တွင် ဆင်းကြသည်။ "ဗုဒ္ဓေါ"
ဂျင်းဝတ်စုံနှင့် ကိုမျက်မှန်လည်း၊ မြို့သာယာတွင် ဆင်းလိုက်သည်
တဘူတာလုံးမှာ သူတို့ လေးယောက်တည်း။ "စိုးရေ.. နက်ဖြန်မှာ
ဒီမြကကား စောင့်နေတယ် ကိုယ်တို့ ပစ္စည်းတွေ လာပိုက်တက်က
ထုတ်ပြီးရင် ကားပေါ်တင်ကြမယ်" ကိုစိုးလွင်အသံကတာစာစာနှင့်
မြို့သာယ

ဆေပ်ဂိုက်တွင် ကိုချက်မြှန်က ကြက်ငယ်ကလေးများ ထည့်
ထားသည့် စက္ကူသေတ္တာများကို ထုတ်ယူနေသည်။



သူ့နောက်မှ ရောက်သွားသူ
ကိုစိုးလွင်က သူတို့သေတ္တာ
များကို ကားပေါ်သို့တင်ရန်
စီစဉ်သည်။ သူ့ဟန်ပန်က
ခပ်ကြွားကြွား။



မြိုင်သာယာ ဘူတာနှင့်
မြို့တွင်းမှာ သုံးမိုင်ခန့်
ဝေးသည်။ ခရီးသည်ပို့ရန်
သီးသန့်ယာဉ်ရထားမရှိ။






ကိုမျက်မှန်ကို မြင်းရှေ့က ဆွဲသည့် ဒေါက်ကာပတစ်စီးက လာကြိုသည်။
ကိုမျက်မှန်က ပန္နသီးများကို ဒေါက်ကာပပေါ်တင်နေသည်။
'ဟာ.. ကိုလေးပွကြီးပါလား' မြင်းလှည်းမောင်းသူကို စိုးစိုးထက်က လှမ်းနှုတ်ဆက်လိုက်သည်။
ကိုလေးပွမှာ မြို့စွန်တွင် ခြံကျယ်ကြီး တစ်ခုနှင့် တကိုယ်တည်း နေသူ လူပျိုကြီး တဦး ဖြစ်သည်။


ဟော မိစိုးတို့ တက္ကသိုလ်က ပြန်လာကြသလော ဘယ့်နှယ့်လဲ ဖြေနိုင်လား ဟေ့
ဟုတ်ကဲ့ ဖြေနိုင်ပါတယ် ဒါထက် ကိုလေးပွကြီး မစွံသေးဘူးလား
နင်တို့ကိုပဲ အားကိုးရတော့မှာပဲဟေ့ ဟားဟားဟား ကဲ ကဲ တို့ သွားမယ်
ကိုလေးပွနှင့် စိုးစိုးထက် တရင်းတနှီး နှုတ်ဆက် ပြောဆိုနေသည်ကို ကိုစိုးလွင် မကျေနပ် မျက်စောင်းတခဲခဲ ဖြစ်နေပြန်သည်

"ကဲ စိုးစိုး ပစ္စည်းတွေပြန်စစ် ပြီးယင် ကားထွက်မယ်"
ကိုစိုးလှိုင်က ကားမောင်းသူ နေရာ ဝင်ထိုင်လိုက်၏။
"လာလေ စိုး ရှေ့ခန်းက တက်"



မကြာမီ ကားက မြင်းလှည်းကို မီလာပါသည်။
"တီ တီ တီ တီတီ"



ဟွန်းရှည်ကို တအား နှိပ်၍ စက်အားမြှင့်ပြီး မြင်းလှည်းအနီးမှ ကပ်မောင်းသည်။



မြင်းက လန့်ဖျပ်ပြီး လှည်း
ကို လမ်းဘေးသို့ ဆွဲချ
သွားပါသည်■






‘အို.. အို...’ ကိုလေးပွက မြင်းခေါက်ကြိုးကို တဖား
ဆွဲယင်း အော်ကာ ဟစ်ကာ ပါသွားသည်■ မြင်းလှည်းက
သစ်ငုတ်တခုကို တိုက်ပြီး ရပ်သွားတော့သည်■






ကိုလေးပွက စိတ်ဆိုး မာန်ဆိုး ပြောနေသော်လည်း ကိုချက်မှန်က ခပ်ပြုံးပြုံး ။


အောင်မယ်မယ် သေမလို ဖြစ်တာတောင် မင်းက ခပ်ပြုံးပြုံးပါလား မှာလောင်ရဲ့ ဘယ်လိုလဲ
သေမှ မသေပဲဟာ ကိုလေးပွ ရယ်..
ဪ သေမှာတော့ မင်းနဲ့ စကားပြောနေနိုင်ပါ့ မလားကွ တယ်လေ ငါ.. မြင်းလှည်းက လမ်းမပေါ် သို့ ပြန်လှည့်နိုင်ပြီဖြစ်၍ ဆက်မောင်းလာသည်■


ခင်ဗျားကလည်း ဒေါ်နေချည်းပဲ ဒါထက် ပဒိုကောင်မလေးနဲ့ ပါသွားတဲ့ ငနဲက ဘယ်သူတဲ့လဲ
မြို့မရေပ်ထဲက စိန်ရွှေရတနာဆိုင် ပိုင်ရှင် ဦးစောဟန်သား ပေါ့■ မိဘက ချမ်းသာ ရှာကလည်း တက္ကသိုလ် ကျောင်းသား ဆိုတော့ တော်ရုံလူကို အဖက်မတန်သလိုပဲ
အလကား ဘဝင်ပါကွာ..


ငတိမလေး နှစ်ယောက်က ဘယ်သူတွေ လဲ..
ဖော:လေ..နောက်တော့ ဒြိဂူတာဆိုက်မယ်ဆိုတာ ဒါပေ ကိုယ် သိပြီးသား.ပါ ငတိထက် ငတိမလေးတွေကို စိတ်ဝင်စား တယ် ဆိုတာ
တော် တော် ပေါ့ရှူ မပြောချင်ယင်လေညီးမနဲ့ ကျွန်တော် ဒို့ယိုးတွေနဲ့ ဘယ်လောက် ကင်းတယ် ဆိုတာ ခင်ဗျား အသိ ပါဗျာ.. ခင်ဗျားဆီမှာ ဘာကြောင့် သောင်တင်နေတယ်ဆိုတာ
ခင်ဗျား အသိပါ..


မှာလေကား နောက်တာပါကွာ..မင်းအကြောင်းကို ငါက
အရူ သေး ချေး ဒါး မှာကွန်သိ။
ဟို အသားညိုလေး က ခင်ထားညို…တဲ့ ပွဲစားကြီး ဦးထွေးရှိန်ရဲ့ သမီးပေါ့ နောက်
ဖြူဖြူဝင်းဝင်းကလေးက စိုးစိုးထက် တဲ့ကွ ဆီစက်နဲ့ ဆန်စက်ပိုင် ဦးကျော်ထက်ရဲ့ သမီး
ကဲ.. ဘာသိချင် သေးသလဲ



ထိုစဉ် ကိုစောပွပေါင်ကို ကိုပြာဟောင်က လှမ်းပုတ် လိုက်ပြီး မေးငေါ့ပြသဖြင့်
လမ်းကွေ့တနေရာတွင် ရပ် ထားသည့် ကားကို တွေ့လိုက် ရသည်။
ကိုမိုးလွင်နှင့် ကားဒရိုင်ဘာက ကားအဖုံးကို ဖွင့်ပြီး အလုပ် ရှုပ်နေ၏။ မိုးမိုးထက်တို့ နှစ်ယောက်က အရိပ်တွင် ထိုင် နေကြသည်။ မျက်နှာတွင် စိတ်ပျက် အလိုမကျဟန် ပေါ် နေပါသည်။


ဟိုး ဟိုး ကိုလေးပွက မြင်းလှည်းကို ရပ်လိုက်သည်။
မိစိုးတို့ ကားပျက်နေပြီနဲ့ တူတယ်..
ကားကလည်း စုတ်သကွ
ဟုတ်တယ် ကိုလေးပွကြီး ဒီမှာ ထမင်းကလည်း ဆာလာပြီ သိပ်နေပူယင် နဲ့ကွ စိုးစိုးထက်က ခပ်ညည်းညည်းလေး ပြောလိုက်သည်။ အဲဒီလိုမှန်းသိယင် အစကတည်းက....
ဒါ့ပြင်က ကားကို လာကြိုခိုင်းတယ် ကိုကိုလှိုင်ကားကို အားကိုးမိတာ ငါးပါး မှောက်တာပဲ..
၃၉


‘ကိုကိုလွင့် ကားက ပြန်ကောင်း ပါ ဦးမလား’
‘ဟာ စိုးကလေးညည်း မြင်နေတဲ့ ဥစ္စာ.....’ စက်ဆီ ပေပေကျံကျံနှင့် စတိုင်ပွဲနေသူ ကိုစိုးလွင်က ကားပြင်နေယင်းမှ လှမ်း ပြောလိုက်သည်။
‘ဒါဖြင့်လေညည်း စိုးနဲ့မိညိုတို့ ကိုလေးပွကြီးနဲ့ လိုက်သွား တော့မယ် ပစ္စည်းတွေကိုသာ ကိုကိုလွင် ယူခဲ့ပေတော့’
လာပေါ့ မိညို



ဗိုး... ဗိုး
နေဦးလေ
ကိုစိုးလွင် လှော်းတားနေသည့်ကြားမှ
စိုးစိုးထက်တို့ နှစ်ယောက်မှာ မြင်းလှည်း
နောက်တွဲပေါ်သို့ အသန့်သား ရောက်
သွားကြပေပြီ။
‘ ဟဲ့ ဖေ့သားကြီး သွားမယ်
ဖေ့သားကြီး သွားမယ်စနော် ’
ကိုဈေးပွက မျုံ့ဖြိုးဖြိုးနှင့်
မြင်းလှည်းကို မောင်းထွက်
သွားသည်။





စိတ်ကုန်စွာနှင့် ကိုစိုးလွင်က လက်ထဲမှ ကိုင်ထားသည့်
ခွကျားကို လမ်းပေါ်သို့ ပစ်ပေါက်ချလိုက်ပါတော့သည်။




မြင်းလှည်းကလေးက တစတစနှင့် ဝေးသွားပါပြီ။



နေကလည်းမြင့်မြင့်တောက် ပူလောင်လာပြီ ဖြစ်သည်။



မြရွှေက ရထားပေါ်မှာတကြိမ် မြင်းလှည်းပေါ်မှာ တခါ ဆုံခဲ့ရသည့် ကိုမျက်မှန်ကို မဆီမဆိုင် စိုးစိုးထက် သတိရ နေမိသည်■



လှူပုံက ရှူးသိုးသိုး ပြောပုံ ဆိုပုံက ခွတီးခွကျ■



ဒါပေမယ့် ပင်ကိုယ်သဘော ကောင်းပုံ ရပါသည်■





သူနှင့်ကိုလေးပွ
ဘယ်လို ဆက်စပ်
နေပါလိမ့်...
ကိုလေးပွက တစ်ယောက်တည်း သားမို့
မိဘ အမွေအနှစ်နှင့် အေးအေးဆေးဆေး
ထိုင်စားနေသူ
နံနက်စောစော အိမ်ရှေ့ရှိ နှစ်ယောက်စီး ဒါန်းပေါ်တွင်
ထိုင်ရင်း သည်မျှ ကြာကြာ အတွေးပေါက်နေမိသည် မသိ။
ခြံတွင်းသို့ စက်ဘီးတစီး ဝင်လာမှ ဖျတ်ကနဲ သတိဝင်လာမိသည်။
၄၄



ဗော!
ရှင်ကြီး
“ဩဇာ ခင်မျှားကြီး” ကိုချက်မှန် မာကြောင်း စဉ်းစားခန်း ဝင်နေဆဲ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာ၏ တိုက်ဆိုင် လွန်းလှသည်။
သူ့ စက်ဘီးနောက်တွင် ထင်းရှူးသေတ္တာကို ကယ်ရီယာခုံနှင့် တွဲထားသည်။ သေတ္တာထဲတွင် နို့ပုလင်းတို့ အစီအရီ..


စောစောက အိမ်ရှေ့မှာ မေမေ
ချထားသည့် ပုလင်းလွတ် နှစ်လုံးကို
ယူပြီး နို့ နှစ်ပုလင်း အစားပြန်ထား
ခဲ့သည်■
စက်ဘီးရှေ့ ခြင်းထဲမှ ဖောက်သ
ကပ်ထူနှင့်အတူ ကြက်ဥ
ဆယ်လုံးကို ထုတ်ယူပြီး
နို့ပုလင်းများ နံဘေးတွင်
ချထားပြန်သည်■


ညည်း ဖေဖေက အချောင်လို့ လက်ဖက်ရည် မသောက်တော့ဘူး သမီးရဲ့
လမ်းလျှောက်ကာ ပြန်ဝင်ဦး သွားနိုး စစ်စစ်ကို ကြိုသောက်နေတယ်လေ..
မေမေ့ စကားများ အမှတ်ရလာ၏
ရှင်က သွားနိုး လိုက်ပို့နေတာကိုး
ဪ ဟုတ်ကဲ့ ကျုပ်က ကိုလေးမှ မြုံထဲက အလုပ်သမားပါ ပို့နေကျ အလုပ်သမား နေမကောင်းလို့ လာပို့တာပါ..
၄၉

ကျိုလေးပွဲရဲ့ ဟာလှုပ်သာများက ခရီးသွားတာ အထက်တန်း တွဲနဲ့ ဆိုတော့ ချဉ်စရာလေပေါ့။ စိုးစိုးထက်က မဲ့လိုက်မိသည်။




သူက နှုတ်ဆက်ပြီး စက်ဘီး နင်းထွက် သွားသည်။ စိုးစိုးထက်က ဟုတ်ကဲ့လည်း မဆို အားလည်းမလိုက်ပဲ အရူးသား ရပ်ကျန်ရစ်ခဲ့ပါသည်။




ဟဲ့ သမီး ဘာတွေလုပ် နေတာလဲ
အို... နွားနို့တောင် ကောက်နေမှ ကိုး
နို့ပုလင်းများကို မေမေယူသွားပြီး စိုးစိုးထက်က ကြက်ဥစက္ကူကပ်ကို မ ပြီး သယ်လာခဲ့သည်။






ပုတက်ပြဿဒါ၊ ကျန်ခဲ့သည့်နှစ်က မြိုင်သာယာသို့ မမှန်ပဲ ရိုးရိုးထက် မမကြီးတို့ဆီ အလည် သွားနေခဲ့သည်ပဲ။


ဖျို့ထဲကို နှီးနဲ့ကြက်ဥ လိုက်ဖြန့်
တာကတော့ နှစ်စလောက်ကာမှပါ
သူတို့ ဖြုံထဲကို မေမေနဲ့ဖေဖေ
ရောက်ဖူးတယ်၊ တကယ့်ကို
စနစ်တကျ လုပ်ကိုင်နေတာပေါ့
၅၁
ညည်း ဖေဖေကတော့ သိပ်သဘောကျနေတာပဲ မြန်လာကတည်းက
နှီး စစ်စစ်နဲ့ လက်ဆက်တဲ့ ကြက်ဥတွေ ရှေ့တိုင်းစားမယ်ဆိုပြီး
မှာခိုင်းတော့တာပဲ သမီး တခါလောက် သွားကြည့်ပါလား







စိတ်ထဲမှာ ကျိတ်၍ စိုးစိုးထိုက် တေးထားလိုက်သည်


ခြံဝတွင် ကပ်ထားသည့် ပလပ်စတစ် ဆိုင်းဘုတ်က ခန့်ညား လှနေသည်။ 'ဆိုင်းဘုတ်ကတော့ အပျံစားပဲ မိညိုရေ..'
ကြီးကျယ်လှနေပါသည်။ ဆိုက်ယိုး မွေးမြူရေး ခြံတခြံထဲ ဝင်ဖို့အရေး ဝင်ခွင့်တောင်းရ ဦးမည်တဲ့လေ..

ခြံဝမှာ လူငယ်တဦးကို တွေ့ရသည်။ ခြင်းတောင်းထဲတွင်
နိုင်ငံခြား နှင်းဆီပွင့်များ အပြည့်ထည့်ပြီး ထမ်းလာသည်။



ခြံလုပ်သားပင် ဖြစ်လိမ့်မည်
သူ ဝတ်ထားသည့် စပို့ရှပ်
အင်္ကျီ ရင်ပတ်တွင် နန္ဒဝန်
စာတမ်း အမှတ်အသား
ရိုက်နှိပ်ထားသည်ကို တွေ့
ရသည်။







ဒို့ မြို့ထဲ ဝင်ချင်လို့ကွာ..
ဗျာ.. ရပါတယ် ကျွန်တော် အစ်ကိုလေးကို သွားပြော လိုက်ပါမယ်
လူငယ်က ခြင်းတောင်းကို မြို့ဝတွင် ချခဲ့ပြီး မြို့ထဲသို့ မြန်ဝင်သွားသည်။
အတန်ကြာမှ မြန်ထွက်လာ၏။ ကိုလေးပွက လူငယ်နှင့်အတူ ပါလာသည်။

"ဟာ ဘယ်သူလဲလို့ မိုးတို့ပါလား ဝင်ခဲ့ ဝင်ခဲ့ မလော စပူး အလောထူးပ ဟဲဟဲ" "ဦးလေးပွကြီးရဲ့ ခြံကို မေမေ တို့က ဆိုးမွှမ်းခန်း ထွက်လွှန်းလို့ မိုညိုနဲ့ လာကြည့်တာပါနော်"



'ညိုညို ပဒိုမာလျှင် နှစ်နှစ် လောက်က ရောက်သေးတယ် အများကြီး ပြောင်းလဲနေတယ် နော်..'



ခင်ထားညိုက ဖြူကို လှည့်ပတ် ကြည့်ယင်း ပြောလိုက်ပါသည်



'ကြည့်စမ်းပါဦး မာလကာနဲ့ ရှောက်ယန်းသီးပင်တွေ အစီအရီနဲ့ စနစ်တကျ စိုက်ထားပါလား ပဒိုဘက်က အသင် တန်း တွေက ဘာလဲဟင်'









ကိုလေးပွက ရှင်းပြယင်း ခြံတွင်းလမ်းအတိုင်း ဦးဆောင်ခေါ်
သွားပါသည်။ ခြံလယ်တွင် တထပ်အိမ်ကလေးတလုံး ရှိနေသည်။




ရေနံ့ချောင်းမြင့် ညိုးနက်နေသည့် အိမ်ကလေးမှာ ကိုလေးပွ မိဘ လက်ထက်ကတည်းကရှိခဲ့ပြီး ဖြစ်သည်။
နှင်းဆီခင်းများက မြေပေါ်တွင် အတန်းလိုက် စိုက်ပျိုးထားပြီး အပွင့်များဖြင့်တသွယ် အသွေးစုံ အရောင်စုံ
ဟယ်
လှလိုက်တာ..

သစ်သားစင်များတွင် ချိတ်ဆွဲလျက်
သစ်ခွပန်းခိုင် ပန်းစည်းများကလည်း
အသွယ်သွယ် အတန်းတန်း



ခြံထဲတွင် အလုပ်သမားများက
နေရာအနှံ့ အလုပ် လုပ်နေ
ကြသည်။





‘ဟောဟိုကွင်းမှာက နိုင်ငံခြား သစ္စာပန်း ဒီဘက်က စပျစ်
မွေးမြူရေးခြံနဲ့ ခြားထားတာက ကင်းမွန်နဲ့ ဆူးပုတ် မြောင်းတွေ
နဲ့ ဟာက ချုံ’




‘ဒါတွေကို မာလျင်ကတည်း
က ကိုလေးပွကြီး စိုက်
ထားတာပေါ့နော်’
‘ပဲ့ဦး ငါးနှစ်လောက်က ဆုံးသွား
တဲ့ ငါ့ညီ မောင်တင်ဝင်းကို
မှတ်မိမှာပေါ့ သူရှိတုန်းကတည်းက
တသို့ စိုက်ထားတာ’
‘အို ဟုတ်သားပဲ ကိုလေးပွကြီး
ညီ ကိုတင်ဝင်းက စိုက်ပျိုးရေးကွဲ
ရထားတာပါဟာ..’ စိုးစိုးထက်က
ဝင်ပြောသည်။


ကိုတင်ဝင်းက သူတို့ထက် အတန်း ကြီးသည်။ ဘွဲ့ရပြီး သုံးနှစ်လောက် အကြာ လမ်းခရီးမှာ ကားမှောက်၍ သေဆုံးခဲ့ခြင်း ဖြစ်သည်။


ကဲ လာကြ မွေးမြူရေး ခြံဘက် သွားကြရအောင်


လမ်းသွယ်ကလေးမှ တဆင့် မွေးမြူရေး ခြံဘက်သို့ ကူးသွား ကြသည်။


ဖြုံတွင်းသို့ သိဒ္ဓိသန့် ဖိနပ်များဖြင့် ဝင်ပါလော့
သိုင်းဘွတ်ကလေးကို ဖြုံတွင် ချိတ်ဆွဲထားသည်။ ကိုလေးပွနှင့် သူတို့အားလုံး လည်ပတ်ကို ကော်ဖိနပ်များ ပြောင်းဝတ်ကြရသည်။
'ဘာဖြစ်လို့ ဖိနပ်တွေ ပြောင်းဝတ်ရတာလဲဟင် ကိုလေးပွ'
'အပြင်က ရောဂါပိုးမွှားတွေ ခြေထောက်ကတဆင့် ကပ်ပါ မလာအောင်လို့ကွယ်'
ကြက်သံ ဝက်သံ နွားအော်သံ များက ဖြုံတွင် ညံစီနေ၏။ ဝါးကပ်မိုး ထရံကာ အဆောက်အအုံ များ အစီအရီ ဆောက်လုပ်ထားပါသည်။

ဥကြက်မများ အသားစားကြက်များ ကြက်ယပ်များ
အဆောက်အအုံ အသီးသီးခွဲ၍ မွေးထားခြင်း ဖြစ်သည်။




ခပ်လှမ်းလှမ်းတွင် ဝက်ခြံများ ရှိနေ၏။ မျိုးဝက်မများ သား
ပေါက် များ ဝက်သိုးများ သီးသန့် အသားတိုးဝက်များ
အခန်းခွဲ၍ မွေးထားသည်။





တို့ခြံကနေပြီး မျိုးသန့်
ဝက်မျိုးတွေကိုလည်း
ပတ်ဝန်းကျင် မွေးမြူသူတွေကို
ဖြန့်ပေးနေတယ်လေ
နို့စား နွားမတွေနဲ့ မျိုးပွားဖို့
နိုင်းနွားမျိုးကောင်းတွေ မွေးထားတယ်
နို့ဆီချက်ဖို့အထိ အစီအစဉ် ရှိတယ်
ဟိုမှာ မြင်ရတာက နွားခြံတွေပဲ..


ကိုလေးပွကြီး လှေပင်နှံက
သေသေချာချာ စနစ်တကျနဲ့
လှုပ်နေတာကိုး
လှေပင်နှံ
အခြေအနေကော
ဘယ့်နှယ့်လဲ
အကျိုးအမြတ်ရဖို့ထက် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေး
အထောက်အကူပြုမယ့် အဟာရ စားကုန်တွေ ဖြန့်နိုင်ဖို့
မျိုးကောင်း မျိုးသန့်တွေ ဖြန့်နှံ့ဖို့နဲ့ အလုပ်သမားတွေ ဝိုင်းလုပ်
ဝိုင်းစား
သဘောပါပဲ
ဖိုးစိုးရယ်...


နွားခြံမှ အလုပ်သမားတဦးက ကိုဆေးပွကို လှမ်းခေါ်နေသည်။
‘ကဲ မိစိုး မိစိုးတို့ ဘာသာလိုက် ကြည့်ကြဦးနော်
ဟိုမှာ ခေါ်နေလို့ ခဏ သွားလိုက် ဦးမယ်..
ဘာ..
ဟိုဘက် မခေါက်ဖာအုံက ဘာလဲ မသိဘူး နော်..
‘ဝင်ကြည့်ကြရအောင်’ စိုးစိုးထက်တို့ နှစ်ယောက်သား အခေါက်ဖာအုံတွင်းသို့ဝင်သွားကြ၏


ရှင် စွီးစွီးလိုက်က ခေါ်သံကြောင့် ထူးလိုက်မိသည်။ လှည့်လိုက်ရှာသည် ခေါ်သူကို ရှာမတွေ့။
စွီး... စွီး
စွီး... စွီး
အတွင်းခန်းကျယ်ထဲတွင် မီးချောင်းအရောင်ကြောင့် လင်းထိန်နေသည်။
ကြက်ငယ်ကလေးများ၏ ဖီစီဖီစီ အသံများကိုလည်း ကြားနေရ၏


စိုး…စိုး
ဟော ခေါ်သူကို တွေ့ပါပြီ။
'ဘယ်လိုလဲရှင့် လူကိုခေါ်ပြီး
မသိသလို မမြင်သလိုနဲ့
ဘာသဘောလဲ'
'ဘာဗျာလဲ ကျွန်မတို့ကို နောက်စရာများ မှတ်လို့လား'
စိုးစိုးထက်က သံဆတ်ဆတ်ကလေး မေးလိုက်သည်။
ဖြင်


လက်ထဲမှာ တုတ်တချောင်းကို ကိုင်ယင်း ကြက်ဝိုင်းငယ်ဘေးတွင် ရပ်နေသူ ကိုမြာဏောင် ခမျာ အူကြောင်ကြောင် ဖြစ်နေရှာသည်။
နောက်ဆရာလည်း မမှတ်ပါဘူး
‘အချောင်ဆရာလေည်း မမှတ်ပါဘူး အမိက ကျုပ်ကို အသားလွှတ် လာပြောနေတယ်နဲ့ တူတယ်’
‘ဘာ အသားလွှတ် ပြောရမှာလဲ ရှူနာမည် ခေါ်ခေါ်နေတာ ကျွန်မနားနဲ့ ကြားတာပဲဟာ’

"ဒို့ အမိ နားကြားလွဲပြီ ကျုပ်ခေါ်တာ ခင်ဗျားကို မဟုတ်ဘူး ကြက်ကိုဗျ ကြက်ကို"



"ဟင် ရှင် မိုက်ရိုင်းလှချည်လား" စိုးစိုးထက် ပါးပြင်ဝယ် ရှက်သွေးမှင် ရဲရဲနီ သွားသည်။



"ရှင်းပြတာကိုလည်း ဆုံးအောင် နားထောင်ပါဦးလေ ဒေါသ ဖြစ်သင့်တော့လည်း ဖြစ်ပေါ့" "ဟုတ်သားပဲ မိစိုးရယ် သူပြောတာလည်း နားထောင်ပါဦး"



ခင်ထားညိုက ဝင်ပြောသည်။


ဒီမှာက ကျူပြတဲ့ယောက်တည်း ကြက်ကလေးဝိုင်း စောင့်နေတာ ကြက်ငယ်ကလေးတွေ ပူးပြီးရုံးထွေး နေယင် သေတတ်တော့....
စိုး... စိုး ဆိုပြီး လှမ်းခေါင်း ပေးရတာပါ ဗျာ..
ခင်ဗျားနာမည် ခေါ်တာလည်း မဟုတ် ပါဘူး ခင်ဗျားတို့ရောက် မှန်းလည်း မသိပါဘူး တကယ်ပါ
ကြက်ကလေးတွေက အပူနဲ့ဝေးတဲ့နေရာမှာ စုနေယင်လည်း အအေးမိသေတတ်တော့ ချိုက်ခေါင်းနေရတယ် နောက်တာဖြောင် တာ လုံးဝ မဟုတ်ပါဘူး


ဂါယနကာ ရှင်းပြတော့လည်း စိုးစိုးထက်
နားနားသွားမိသည်■
❛မသိလို့ပြောတာပါရှင် စိတ်မဆိုးပါနဲ့❜
ဟင်း
ဟုတ်သား
ပဲ
ကိုပြာခေါင်က ပြုံးသည်■
ကိုစွယ်ရှိ
ပါဘူးဗျာ..ခင်း
နာမည်ကလည်းရှားရှား
ပါးပါး တိုက်ဆိုင်သွား
တာကိုး
?
သားလုံးက ရယ်လိုက်ကြသည်■




'ဘာတွေများ ရယ်စရာတွေ့ရ
ကြသလဲ ငါ့ကိုလည်း ပြောကြ
ပါဦးဟေ့' ကိုစေးပွ ဝင်လာသည်



ကိုပြာဇောင်က ဓာတ်စုံ ရှင်းပြ
လိုက်၏။ ကိုစေးပွက တဟားဟား
ရယ်ပြီး ဆိုသည်။ 'ဗြော်......
ဖိစီးရယ် ကြက်ကို မောင်းတဲ့
အသံနဲ့ တူပေလို့ပေါ့ ခွေးကို ရူး ရူး ဆိုပြီး ရူးတိုက်ပေး
တဲ့ အသံနဲ့ တူနေယင် ခက်ရချည်ရဲ့။'




ကဲ ဈေးလာရေး အဖွဲ့ဝင်များ ခင်ဗျာ ဘာတွေ ဆက်ကြည့်ချင်ကြသေးသလဲ..
ဟောဒီဘက်က ဥကြက်မကြီးတွေကို တကောင်ချင်း ခြံလှောင်မွေးတဲ့ စနစ်နဲ့ ထားတာ
ကြက်ဥတွေ တနေ့ ဘယ်လောက်ရလဲ ကိုဦးလေးပွ
ဥကြက်မ ဖာကောင် နှစ်ထောင် ရှိတယ်လေ ဥနှစ်ဆယ် ရာနှုန်း ဥတော့ တနေ့ ဥတထောင် ကျော်ပေါ့


ဒါတွေအားလုံး ဖို့ထဲကို လိုက်ပို့ ရတာလားဟင်
တချို့ကို ဈေးပို့တယ် တချို့က ဒီမှာလာ ဖေါက်သည်ယူ ကြတယ်..
ဟာ တော်တော် အဆင်ပြေ ပါလား နွားနို့ရယ် ကြက်ဥရယ် ပန်းတွေရယ် ရောင်းတာနဲ့တင်
တနေ့ တနေ့ ဝင်ငွေ နည်းမှာ မဟုတ်ဘူးနော်




"အင်း ဒါကြောင့် ကိုလေးပုကြီးရဲ့ အလုပ်သမားက အဆင့်အတန်း မြင့်မြင့်နဲ့ မီးရထား အထက်တန်းတွဲက စီးနိုင်တာပေါ့နော်" စိုးစိုးထက်က ပြုံးပြုံးရယ်ရယ်နှင့်




ကိုပြာလောင်ကို မေးထိုးပြသည်■


ဘယ်သူလဲ ပြာဆောင်လေး သူက...
ငါ့ အလေ့ပါသား ... မ.. မ.. အမယ်လေး ဗျ
ကိုပြာဆောင်က ကိုလေးပွ ခြေထောက်ကို ဖိနင်းလိုက်ခြင်း ဖြစ်သည်။
ဘာဖြစ်တာလဲ ကိုလေးပွကြီး
ဘာမှ မဖြစ်ပါဘူးဗျာ ကြွက်တိုး သွားလို့ပါ
ဒို့ ကြွက်တိုးတာပဲ အလန့်တကြား မဟာဗန္ဓုလရဲ့ ညှိတော်နဲ့ တူတယ် ဟင်း ဟင်း ဟင်း
???
ဖိုးဖိုးထက်တို့ နှစ်ယောက်က ရယ်နေသည်။ ကိုပြာဆောင်ကလည်း ကျိတ်ပြုံး ပြုံးသည်။


လာပါ ကျွန်မ တို့ကို ခိုက်ယှိုးပေးခဲ့တော့ ဘက် လိုက်ပြပါဦး
ဖေားဖေား သွားကြမယ လေ
ကိုလေးပွက စိုးစိုးထက်တို့ နှစ်ယောက်နောက်ကို လိုက် သွားရာမှ ကိုပြာလောင်ကို
မကျေမနပ်နှင့်ပြန်ကြည့်သည်


ကိုပြာလေအောင်က နှာခေါင်း ရှုံ့ပြလိုက်၏။
ကိုလေးပွက လက်သီးဆုပ်ပြီး ပြန်ပြသည်။
နန္ဒဝင်
'ကိုလေးပွကြီးကလည်း တော်ပါ ဘာလုပ်နေတာလဲ လက်သီး တပြင်ပြင်နဲ့'
'ဟုတ်ပါဘူးဟာ ဟို..တရားဟောဖို့ ကျင့်ခဲ့တာကို ပြန်သတိရလို့ပါ ဟီးဟီး'


“ပဂို ကျွန်းစောင်းက ကျူဒိုတာက ဘာလှုပ် တာလဲ ကိုလေးပျူကြီး” မှိုးစိုးထက်က လှမ်းမေး လိုက်သည်။
ချောင်းထဲက ရေတွေကိုစုတ် တင်ပြီ....
စိုက်ခင်းတွေဆီကို မြောင်းသွယ် ပို့ပေးတယ်လေ..
ဟိုး.... အဝီစိတွင်း ရေကော..


"ဖိုးစိုးရေ ဟိုမှာကြည့်စမ်း လှလိုက်တာကွာ.."
အာဝီစီတွင်း ရေကိုတော့ သုံးဖို့ သောက်ဖို့နဲ့ တိရစ္ဆာန် တွေကို တိုက်ဖို့ပါ ယူတယ်..
ခင်ထားသို့ လက်ညှိုးထိုးပြရာသို့ စိုးစိုးထက် မော်ကြည့်လိုက်သည်။ ချောင်းစပ်တွင် ကြာပန်းရောင်စုံတို့ ဝေဝေဆာဆာ ပွင့်နေကြသည်။ "ဟယ်.. ဟုတ်ပါရဲ့ ကြာပန်းတွေ.."
လှလိုက်တာနော်

‘ပေါက်တယ် ကြာပန်းက ရေကန်တွေထဲ မြောင်းတွေထဲမှာ
သာ ရှင်သန်တတ်တော့ ဘောင်ခတ်ပြီး ချောင်းစပ်မှာ
စယ်းသ ဝ စိုက်ကြည့် ထားတာပေါ့’



ကြည်စီးသော ရေပြင်ပေါ်တွင် ကြာပွင့်ကြာချပ် ရောင်စုံတို့
လေပြည်တိုက်ခတ်မှုကြောင့် ယိမ်းကနေသလို ရှိနေသည်။



‘ဦးတို့ ကြာဖေးငါးပွင့်လောက် လိုချင်လိုက်တာ..
ခူးပေးနော် ကိုလေးပွကြီး’ ‘မလေးပဲပါနဲ့ဗျာ ကျုပ်..
ရေမကူးတတ်ဘူး ချောင်းစပ်ပေမယ့် ရေက အနက်သား’




စိုးစိုးထက်က နှုတ်ခမ်းရှုံ့လိုက်သည်
'ကိုလေးပွကြီးက ရှူးမပေးချင်တိုင်း ဆင်ခြေချသည်းပဲ။ မရှူးပေးချင်နေ စိုးဘာသာ ရှူးမယ်'
ဟဲ့..ဟဲ့ နင်ကရော.. ရေကူးတတ် ရဲ့လား
'ဟောဟို ရေစပ်က တံတားလေးပေါ် ကနေပြီး ကြာပန်းတွေကို တုတ်နဲ့ဆွဲယူ မယ် ကဲ ရေထဲဆင်းဖို့ လိုသေးသလား ကိုလေးပွကြီးက ခေါင်းမှာသုံးတတ်ပါဘ'
မလို ပါဘူးနော်

ဖိုးစိုးထက်က အနားတွင် တွေ့သည့် ဝါးတုတ်တချောင်းကိုယူပြီး
တံတားပေါ်မှ ကြာပန်းများကို ဆွဲယူ၍ ချူးလိုက်သည်။
'ကဲ ဘယ့်နှယ့်ရှိစ' ဆိုသည့် အကြည့်မျိုးဖြင့် ကိုလေးမွှကို
မျက်ရိပ် ပြသည်။




ချူးပြီးသား ကြာပန်းများကို
ခင်ထားညိုက ဝမ်းသာအားရ
လှမ်းယူသည်။

'ပဲ့ဘက်က အပွင့်ကြီးက
နီရဲနေတာပဲ အဲဒါ အဲဒါ.....'











‘အမယ်လေး’ ခင်ထားညို၏ အော်သံ၊ ‘ဟဲ့ ဟဲ့ ဒို’ ကိုလေးပွ၏ အလန့်တကြား အသံ။ ‘သူ သူ ရေမကူးတတ်ဘူး ရေမကူးတတ်ဘူး လုပ်ပါဦး’ ‘ဟော..ငါ..ငါလည်း မကူးတတ်ဘူး’







‘လာကြပါဦး ရေထဲလူ ကျသွားလို့’ သူတို့နှစ်ယောက် သံပြိုင်အော်လိုက်ကြသည်။
ကိုမြာမောင်ကကြောက်ခွဲတွင်းမှ ပြေးထွက်လာ၏ အလုပ်သမား အချို့လည်း ပြေးလာကြသည်။
‘ဂူး ဂူး’ ရေထဲမှ စိုးစိုးထက်က တကြိမ်ပေါ်လာပြီး မြုပ်မြုပ်သွားပြန်သည်။ တံတားနှင့်လည်း အတော် ဝေးသွားသည်။

ကိုပြာလောင်က ဖိနပ်နှင့်
ခါက်ချိုကို ချွတ်ပြီး



တံတားပေါ်မှ ရေထဲသို့ ခိုက်မင်
ထိုးချလိုက်သည်။



ကိုပြာဖောင် ရေထဲမှ ပြန့်ပေါ်လာ၏။ နောက်တဖန်
ရေအောက် ငုပ်သွားပြန်သည်။ အားလုံးက စိုးရိမ်စိတ်ဖြင့်
ဝိုင်း၍ကြည့်နေကြသည်။










အားလုံး ဆွဲတင်လိုက်သဖြင့် ကုန်းပေါ်သို့ ရောက်လာချိန်တွင် စိုးစိုးထက် ဝမ်းဗိုက်မှ ရေများ အန်ထွက်စေရန် ထမ်းချီပြေးခြင်း ဒူးခေါင်းပေါ်တွင် မှောက်တင်ပြီး ဖိပေးခြင်း စသည့် ရှေးဦး သူနာပြု နည်းများကို ကိုပြာချောင်ကပင် လုပ်ကိုင်ပေးနေသည်






စိုးစိုးထက် သတိမရသေး။ အကြောက်လွန်၍ မေ့နေပုံ ရသည်။
"ကဲ သူ့ကို ဟောဟိုက ကျွန်တော့် အိပ်ခန်းထဲ ခေါ်သွားပြီး ခင်ဗျားကပဲ အဝတ်အစား လဲပေးလိုက်ပါ။ ကြာယင် အအေးမိသွားမယ်" ကိုပြာစောင်က ခင်ထားညိုကို ပြောလိုက်၏။
စိုးစိုးထက် အခြေအနေက စိုးရိမ်စရာ မရှိတော့။
"အဝတ်အစား လဲပေးတာ ဟုတ်ပါပြီ.. သူ့ကို ကျွန်မ တယောက်တည်း မနိုင်ဘူးရှင့်"
"ကဲပါ ပြာစောင်ရယ်... လောက်စနဲ့ မင်းပဲ ပွေ့ပြီးပို့ပေးလိုက်ပါကွာ.." ကိုလေးပွား ဝင်ပြောလာသည်။


ထို့နောက် အခန်းတွင်းသို့ မိုးစိုးထက် ရောက်သွားတော့သည်။
ခင်ထားဦးက ကိုပြာလောင် ထုတ်ပေးသည့် ယောကျ်ားဝတ် များနှင့်ပင် လဲလှယ်ပေးလိုက်၏။
အဝတ်လဲပေးနေစဉ် ကိုပြာလောင်တို့က အပြင်ထွက်နေကြသည်။ 'အင်း.. အင်း' 'ဟော မိုးစိုး သတိရလာပြီ' အားလုံး ဝမ်းသာအားရ ပြန်ဝင်လာကြပါသည်။
၉၁

စိုးစိုးထက် သတိရလာချိန်တွင် သူ့ကို စိုးရိမ်တကြီးနှင့် ဝိုင်းကြည့် နေကြသူများကို တွေ့လိုက်ရသည်။ 'ဘယ့်နှယ့် နေသေးလဲဟင်'




'တို့မှာ စိုးရိမ်လိုက်ရတာ မိစိုးရယ် ငါမပြောဘူးလား'

'ရေနက်ပါတယ်လို့ ဆူးချင်ဦးလေ ကြာယန်း သုံးပါဦးလော ခေါင်း ခုတော့ ဘယ့်နှယ့် ရှိစ..' ကိုလေးပွက အပြစ်တင်သည်။







စိုးစိုးထက်က ဘာမျှမပြော ပြုံးနေသည်။ သူ့အပြစ်နှင့် သူပေကိုး..'မိစိုးအဝတ်တွေ လှမ်းထားရတယ် ခြောက်မှပဲ ဝတ်ပြီး ပြန်ပေါ့..ဟောဒီမှာ'
သွားနိုး ပူပူလေး သောက်လိုက် ဦး
'ကျေးဇူးတင်ပါတယ် ကိုလေးပွရယ်' စိုးစိုးထက်က လှိုက်လှဲစွာ ပြောသည်။ 'နင်တကယ် ကျေးဇူးတင်ရမှာက ငါ...... မဟုတ်ဘူး ဟို ကောင့်ကို'


“သူသာ ရေထဲ ဆင်းမကယ်ယင် ခုလောက်ဆို မိစိုးတယောက်
အသက်ပါပြီး ဂျပ်ဘိန်းကြီး ဖြစ်နေရောမယ်”
စိုးစိုးထက်က အခန်းထောင့်
တွင် အကျႌချွတ်နှင့်
ကိုပြာဖောင်ကို လှမ်း
ကြည့်လိုက်သည်။
ကိုပြာဖောင်က ပြုံးပြသည်။
“စိုး အသက်ကို ကယ်တဲ့ အတွက်
အများကြီး ကျေးဇူးတင်ပါတယ်..
ကို...” “ပြာဖောင်ပါ” “.အဲ...
ကိုပြာဖောင်”
၉၄


ကိစ္စမရှိပါဘူးဗျာ မသေကောင်း မပျောက်ကောင်း ကျွန်တော်တို့ မြို့ထဲ လာလည်ရင်း ဖြစ်သွားရင် ကျွန်တော်တို့မှာလည်း တာဝန်..
မကောင်းဘူးပေါ့..
ကျုပ်..ကျုပ်နှင့် ပြောနေရာမှ ကျွန်တော်ဆိုသည့် အသုံးအနှုန်းမျိုး ပြောင်းလဲ လာသည်ကို စိုးစိုးထက် သတိပြုမိသည်။
တကယ်တော့ ဒီလူဟာ လူရည်မွန် တဦးပါ…
စိုးစိုးထက် ရင်ထဲမှာ တွေးမိသည်။

သို့ဖြင့် နွေဝန်းသို့ ဇော့လာရေးခရီးကို အသသည်းတုန် အူတဒ်မြင့် အဆုံးသတ်ခဲ့ရပါသည်။ သို့သော်.. စိုးစိုးထက်အသို့ နွေဝန်ခရီးက ပဟေဠိ တပုဒ် မွေးဖွား ပေးလိုက်သည်။



စိုးစိုးထက် ရောက်သွားသည့် ကိုမြာဆောင် အခန်းတွင်း စာရေး စားပွဲပေါ် တင်ထားသည့် ဓာတ်ပုံ မှန်ဘောင်တခု။ ရောင်စုံ ပို့စကတ်အရွယ် ဓာတ်ပုံ တပုံ။



ဓာတ်ပုံထဲတွင် ဘွဲ့ဝတ်စုံနှင့် လူရွယ်ငါးယောက် စုရိုက်ထားကြ၏ စိုးစိုးထက် မှတ်မိနေသူ တဦးက ကိုလေးပွဲ၏ ညီ ကွယ်လွန်သူ ကိုတင်ဝင်း။ နောက်တယောက်က သူ့ကိုယ်သူ အလေ့ပါသမား ပါဟု ပြောခဲ့သူ ကို မြာ ဆောင် ရယ်....




စိုးက အင်မတန် လှမ်းရှာတာပဲ ကံကြီးပေလို့ပေါ့ တခုခုများ ဖြစ်သွားယင် အခက်ပဲ အခက်ပဲ..
သတင်းလာမေးသူ ကိုစိုးလှိုင်က စိုးစိုးထက်ကို အံ့မှတ်တင်နေသည်
‘ဖိုး ကိုကိုလှိုင်ကလည်း မတော်တဆ ဖြစ်တာပဲဟာ ဘာတတ်နိုင်ပါ့မလဲ’
ဘယ်သူ ကကော သေချင် ပါ့မလဲလို့.


ဒါတော့ ဒါပေါ့ ဒါပေမယ့် ခိုးသာ ပွဟဲ့ ရွှဲပါစေ ဖယ်ပါစေ တခုခု ဖြစ်သွားမယ်......
ရင်ကျိုးရချည်ရဲ့·ဗျာ ရင်ကျိုးရချည်ရဲ့·
ဟင် ဘယ်သူက ရင်ကျိုးမှာလဲ ဘာအတွက် ရင်ကျိုးရမှာလဲ စိုးစိုးထက်၏ ခပ်ဆတ်ဆတ် အမေးကြောင့် ကိုစိုးလွင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။
ဟို့.ဟိုလေ ဦးတို့.ဒေါ်ဒေါ်တို့. ရင်ကျိုးမှာကို ပြောတာပါ ဟဲ့.ဟဲ့..


ဟော
မောင်စိုးလွင်
ရောက်နေသလား
"ဟဲ့ သမီး ဟိုသူငယ်ကို အခေါ်လွှတ်ထားတာ မရောက်သေးဘူးလားကွယ့်" စိုးစိုးထက်မြင့် ဦးကျော်ထက်က ဧည့်ခန်းအတွင်း ဝင်လာပြီး မေးလိုက်ခြင်း ဖြစ်သည်။
"လာတော့မှာပါ ဖေဖေ ကိုထွေး ကားနဲ့ သွားတာ ကြာပြီပဲဟာ"
ဟော...
ဟိုမှာ လာနေပြီ
ထင်တယ်..

ကားတစ်စီးက ခြံတွင်းသို့ ဝင်လာသည်။



'ကဲ လာကြပေ့ လာကြ' ဦးကျော်ထက်က ကားပေါ်မှဆင်း လာသူ ကိုလေးပွနှင့် ကိုမြလောင်တို့ကို ဧည့်ခန်းတွင်းသို့ ခေါ်လိုက်ပါသည်။ လည်ပင်းချိုးအင်္ကျီ အပေါ်တိုက်ပုံ ဖြူဖြူ ရခိုင်လုံချည်များဖြင့် သူတို့နှစ်ယောက်မှာ သားနားနေကြ၏။




'ကိုလေးပွကြီးတို့ လာပြီ မေမေရေ...' စိုးစိုးထက်က အိမ်တွင်းသို့ လှမ်းပြောလိုက်သည်။



ကိုပြာမောင်နှင့် ကိုလေးပွတို့ ရည်ညွှန်း ဆက်တီများ ပေါ်သို့ ထိုင်မိချိန်တွင် ဦးကျော်ထက်တို့ ဇနီးမောင်နှံက ခေါင်းရင်းဘက် နှစ်ယောက်ထိုင် ခုံရှည်တွင် ထိုင်လိုက်ကြသည်။




"မောင်ရင်တို့ကို ဦး အခေါ်ခိုင်းလိုက်တဲ့ အကြောင်းက သမီးရေနစ်တော့ သမီး အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူး တင်စကား ပြောချင်လို့ပါကွယ်.." ဦးကျော်ထက်က စကား စသည်။
ဟာ.. ဦးရယ် ဘာမှ ဖြစ်လောက်တာ မဟုတ်ပါ ဘူး
ကိုလေးပွက အားနာ ပါးနာ ဆိုပါသည်။
ဘယ်ဟုတ်ရ မလဲကွယ် ရေနစ်သွား နစ်လုနေတဲ့ လူ့အသက် ဆိုတာ အင်မတန်ရခဲ ဘာဖြင်းပါ..
၁၀၂
"ဦးတို့ ရွှေထားတဲ့ သမီးကလေးဟာ မောင်ရင်တို့ပေးတဲ့ အသက်ပဲ ရှိပါတယ်"


သမီး မာနေနဲ့ ကလေးညီး မသက်သာခင် ကျေးဇူးရှင်ကို ဦးနဲ့ ဆံနဲ့ ကန်တော့ရဦးမယ်
အို! မဟုတ်တာ ဦးရယ်..
ဘယ့်နှယ် မဟုတ်ရမလဲကွယ် တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှာက ဂါရဝ ၅ တရားနဲ့ အမြဲ ညီညွတ်တယ် ကျေးဇူးတရားနဲ့ ပတ်သက်လို့လေညီး ဈောင်ပင်သာဦးမှုညရဲ့ သုတရတနာဆုံးမစာမှာ.. ဘယ်လို ရေးထားသလဲ ဆိုတော့
၁၀၃
ဈောင်ပင်သာ ဦးမှုည သုတရတနာ ဆုံးမစာ

ဈေးကတင်ဘူး သူ့ကျေးဇူး အထူးဆပ်ဖို့သာ.. ကျေးဇူး သိက
ဖြစ်သော်မှ နှစ်ဝသူမိတ်တော ကျေးဇူးချေပစ် တရားလေစ် နှမ်းညာစ်
စည်းစိမ်ပါ.. ကျေးဇူးမပစ် စည်းစိမ်မဖြစ် ဆန်းသစ် လေပမာ တဲ့






စိုးစိုးထက်က ရိုရိုသေသေ ကန်တော့နေပါသည်။ ကိုဖေားပွ ဦးကျော်ထက်တို့ ဇနီးမောင်နှံက တပြုံးပြုံး။ မျက်နှာတခုလုံး ရှုံ့တွ သုန်မှုန်နေသူက.. ကိုစိုးလွင်..




"မင်းကလည်း ဆုပေးလိုက်ဦးလေကွာ.." ကိုလေးပွက ကိုပြာဇော်ကိုလှမ်းပြောလိုက်ပါသည်။
ပေးတဲ့ ဆုနဲ့ပြည့် ပါစေ..
"ကောင်းရောကွာ.." အားလုံးက တဟားဟား ဖြစ်သွားကြသည်။


ဦးကျော်ထက်၏ အမေးကြောင့် ကိုလေးပွက ကိုပြာလောင် မျက်နှာကို ကွက်ကနဲ လှမ်းကြည့်လိုက်သည်။
ဒါထက် မောင်လေးပွတို့ မြို့မှာ ဗီသူငယ်က အလှုပ်လှုပ်နေတာလား
'ဟုတ်ပါတယ် ခင်ဗျာ ကျွန်တော်က ကိုလေးပွတို့ မြို့မှာ အလှုပ်လှုပ်နေတဲ့ အလှုပ်သမားပါ..'
ကိုပြာလောင်က ကမန်းကတန်း ဝင်ပြောလိုက်ပါသည်။


‘ကိုလေးပွက အာလျှပ်သမား
တွေကို စည်းကမ်း သိပ်မထား
ဘူးနဲ့ တူတယ်နော်..’
ကိုစိုးလွင်က တစခန်းထလာသည်။
ဘာဖြစ် လို့...
ကိုလေးပွက အံ့အားသင့် သွား၏။
ဒီလိုလေဗျာ..
ဖွံ့အာလျှပ်သမား
တယောက်က...
‘မီးရထား အာထက်တန်းတွဲက စီးတယ်ဆိုတော့ ခိုင်းလိုက်တဲ့
ခင်ဗျားမှာ မထိခိုက်နိုင်ဘူးလား ဟဲဟဲ’ အာလွှတ် ဝင်စွန်း
ကိုစိုးလွင်က အာလဲထိုးနေပါသည်။
၁၀၈


"ကျွန်တော်တို့ ဒီအိမ်မှာ ဆိုယင် အရုပ်သမားတွေ အများကြီး ရှိပါတယ်..."
"ဒုံးနေရာမှ တော်နေရာတော် လိုတာထက် ပိုပြီး အခွင့်အရေး မပေးဘူး" ကိုစိုးလွင်ဟန်ပန်က ဝင့်ထယ်လွှန်းသည်။
အင်း... မောင်ရင်တို့က တချိုးပေါ့ ဗော..
?
"တို့ဖုံထဲမှာတော့ ဖုံပိုင်ရှင် လူပင်နီးရှင် အရုပ်သမားရယ်လို့ မရှိခြားဘူး အားလုံးဟာ တမြေးညီပဲ" ကိုလေးပွကလည်း ခေါင်းငုံ့ ခံတတ်သူ မဟုတ်။


ပဒိုနေ့က ဒီကောင် ပြာတောင်ကြီး ပြန်လာတော့ အထက်တန်းက တီးလာလို့ မောင်ရင် မျက်စိ စပါးမွေး စူးနေတယ်နဲ့ တူတယ် ဟင်းဟင်း
'အဲဒီနေ့က သူနဲ့တပါတည်းပါလာတဲ့ ဗီရုဏ္ဍကာကွယ် ဆေးတွေဟာ ရေခဲမှုန်နဲ့ ယူခဲ့ရတာ'
'လူတွေ မြှုတ်သိပ်ခဲ့တဲ့ ချိုးချီးတန်းက စီးပိုးလို့ တခုခု မှစ် သွားယင် တို့မှာ ထောင်ချီ သောင်းချီ ဆုံးရှုံးနိုင်တယ်လေ..'


ဒါကြောင့် သူ့ အနေနဲ့ အထက်တန်း တွဲက စီးလို့ ကူန်မှာဖောက်ကို တို့က စစ်စီနေစရာ မလိုဘူး တက်နိုင်ယင် တယောက်တည်းတောင် တတွဲလုံး စီးသင့် စီးလာရမယ်..
ကဲ မှတ်ကရော.. ကိုလေးပွက အပြတ်တွယ် ပစ်လိုက်သည်။ ကိုစိုးလွင် ရှုံ့သွားပါသည်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တော့ မွေးမြူရေး လုပ်ငန်းကို သိပ်မကြိုက်ဘူးဗျာ. ပျားမွေး သားတိုး မယားဦး ဆိုတဲ့ စကားလို ငရဲများလှတယ်


မောင်ရင် ခေတ်ပညာတတ် တယောက် ဖြစ်ပြီး အတွေး အခေါ်တွေ သိပ်မှားနည်း နေတယ်..
ဒီနေ့ကမ္ဘာ့လူဦးရေနဲ့ စားနပ်ရိက္ခာ ပြဿနာကို ဖော့လာပြီးပြီလား အနယ်နယ်မှာ မွေးမြူဖို့ စိုက်ပျိုးဖို့ နိုင်ငံတော်က အားပေးနေတာကော သိရဲ့လား အဓိက ကတော့ ကိုယ့်လုပ်ငန်းဟာ နိုင်ငံတော်ကို သစ္စာပေါက်တဲ့ လုပ်ငန်း...
နိုင်ငံတော် အကျိုးစီးပွား ထိခိုက်တာမျိုး မဖြစ်ဖို့ လိုတယ်.. ဥပမာ ဘိန်းချ တာ ကျောက်စိမ်း ကုန်ကူး တာမျိုး ပေါ့.. ကိုစိုးလွင် မျက်နှာမည်းကာနဲ့ ဖြစ် သွားသည်။ လွန်ခဲ့သည့် နှစ်ပိုင်းက သူ့ဖခင်မှာ ကျောက်စိမ်း မှောင်ခိုမှု ဖြစ်ခဲ့သည်ကိုး။


စိုးစိုးထက်တို့ မိသ်မှ အပြန်တွင် ကိုပြာဆောင် တယောက် စကား မပြောပဲ အငူသားနှင့် ခြံထဲ၌ ထိုင်နေသည်။
ဘယ့်နှယ် ကိုယ်တော်ကြီး ငိုင်လှချည့် လား..
'ကြည့်… မလေးခင်မြမြနှစ် ချစ်လိုက်ပါတဲ့ ဟာရဲ ဟာရဲ ရွှေမြပိုးမို့ရ် တတောင်လုံး တုံးမှုတ်လို့ဥန် မေ့ပေမှုံ…… မြစ်နေပြီနဲ့ တူတယ်…' ကိုလေးပွက လှမ်းနောက်ပါသည်။
'ဘာဆိုင်လဲဗျာ..' 'မေးပုံက မေးပုံကကြားချင်နေတဲ့ပုံကြီး'
ဟိဟိ




ဒီမယ်ကြွယ် မောင်ပြာဘောင်ရဲ့
ပေါ့ဒီက ဈေးပွဲ ဖိုက်ထိဖွာ..
မဂ္ဂဇင်းပေါင်းစုံ ကြော်ငြာနေတဲ့
ထိပ်သီး ဗေဒပိရှာ အယောက်တရာ
လောက် ရှိနေတယ်လေ..
အားလုံးကို သိပ်သိတာ
ပဲကွာ သိပ်သိတာပဲ
ဘာတွေ သိသလဲ
ပြောစမ်းပါဦး
တယ်...ဥ ပါလား
အိမ်ထောင်
မှုမို့ သိပ်ကြောက်တဲ့
ကောင်ကလေး
မိဘက သဘောကျ စီစဉ်တာကို လက်မခံပဲ ဆန့်ကျင်လာ
တဲ့ ကောင်ကလေး ခုတော့ ကောင်မလေး တယောက်ကိုလည်း
တွေ့ရော.. ချာန်ရှော ချာန်ရှော..
အားနေယင်
ဒီ ♥ ကိုချွပဲ..


ခင်ဗျားကို မလေးမိန်ခုသာစတမ်း
အမှန်အတိုင်း ဝန်ခံရမယ်ဆိုယင်
ရထားပေါ်မှာ တွေ့ကတည်းက
သူကလေးကို ကျွန်တော်.... စိတ်ဝင်စားခဲ့ တယ်..
နောက် မြို့ထဲမှာ ဆုံကြတော့ ပိုပြီး စိတ်ဝင်စား လာရတာ..
ကျွန်တော့်ရှေ့မှာ ထိုင်ပြီး ကန်တော့နေတာလေး မြင်ရတော့
ကျွန်တော့် စိတ်ထဲမှာလေ.. ဗိုလ်ဗျာ... တညိုးကြီးပဲ..


"ဟဲဟဲ ဒါဆို အချစ်ဆေးကွာ အချစ် မင်းဆီကို မပိတ်မခေါ်ပဲ ရောက် လာတော့ ဧည့်သည်ပေါ့"
ကိုလေးပွက ဟန်ပန်တခွဲသားနှင့်လက် နောက်ပစ်ယင်း ပြောနေသည်။
"အချစ်ဆိုတာကို အစောက မင်းက အဖက်မလုပ် မသိကျိုးကျွံ နေခဲ့ပေမယ့် ခု နဖူးတွေ နူးတွေ့ တွေ့ကြတော့ မင်း မလွှဲယ ကြောမှာ မှန်နေပြီလေ.."
၁၁၉
နှင်းမီ တော့မယ် နှင်းမီ တော့မယ်
ကိုလေးပွက စကားပြောယင်း တဘက်သို့ ကျောခိုင်းလိုက်ပါသည်




မင်း ပြတ်သားရမယ် ချစ်ယင်ချစ်တယ်·ဘွင်းဘွင်း ပြောရဲရ
လိမ့်မယ် ဒီကိစ္စမျိုးမှာ သူရဲဘော ကြောင်ယင်တော့..မင်း...မင်း
ကိုလေးပွပြန်မှာရှေ့သို့တွင် ကိုပြာလေခေါင်က နေရာမှာ မရှိတော့..






ဟာ.. ခွေးကောင် ငါကတော့ အာက်တင်အပြုသို့နဲ့ ပြောနေတာ သူက ဘယ်ထွက်သွားပါလိမ့် သေ သေပါတော့ကွာ..
ကိုပြာလောင်က အိပ်ခန်းအတွင်းမှ ခုတင်ထက်တွင် စဉ်းစားခန်း ဝင်နေပါသည်။
ဒီမယ်.. ပြာလောင် မိဘဝတ္တရား အတိုင်း မင်းကို ပညာ သင်ပေးခဲ့ပြီ အခုလည်း တို့ဝတ္တရား အတိုင်း မင်းကို..
တို့ လူကြီးချင်း စကားပြောထားတဲ့ မိန်းကလေးနဲ့ ထိမ်းမြား ပေးဖို့ စီစဉ်တယ် ဒါကို မင်း လက်မခံဘူး
ဖေဖေ့ ပြောစကားများကို ပြန်လည် ကြားယောင်လာ၏။


'ဘာလဲ မင်းမှာ ချစ်သူ ရှိနေသလား
ပွင့်ပွင့်လင်းလင်း ငါ့ကိုပြော..'
မရှိပါဘူး
မေမေ..
ဟာ..
မင်းမှာလည်း
ချစ်တဲ့သူ မရှိ
ယင်..
မိဘစိတ်
တာကို မင်းက
ဘာဖြစ်လို့ လက်မခံ
နိုင်တာလဲပြာလောင်
ငါ့ကိုပြောပါဦး

ဖေဖေတို့က ကျွန်တော့်အပေါ်မှာ တတိယ ဝတ္တရား ဖြစ်တဲ့
အတတ်သင်စေ ဆိုတာ ဆောင်ရွက်ပြီးပေမယ့် စတုတ္ထဝတ္တရား
ဖြစ်တဲ့ ပေးစေ့ငြိမ်းရင်း ဆိုတာ ကျန်ပါသေးတယ် ကျွန်တော်...






"အမယ်လေးလေး တကယ့်ပုဂ္ဂိုလ်ကြီးပါလား ငါတို့ဖိုးခပဲ...
ဝတ္ထုရေးတဲ့ ကျန်နေသေးတာကိုး ကွက်ကျက် မင်းကိုလက်ထပ်
ပေးလိုက်မယ် ဆိုကတည်းက အဲဒီ အလုပ်အကိုင် စီးပွားရေးကိစ္စ





"သိပါတယ် ဖေဖေ ဖေဖေ့သူငယ်ချင်း
ကျွန်တော့်ယောက္ခမလောင်း ဟာ
အင်မတန် ချမ်းသာတယ်လို့ မေမေက
ပြောဖူးပါတယ်"



"ဒါပေမယ့် ယောက္ခမရဲ့
အရှိန်အဝါနဲ့ ကျွန်တော်
မရပ်တည်ချင်ပါဘူး
ကျွန်တော့်ခြေ ကျွန်တော့်
လက်နဲ့..."

၁၂၁






● လူကြီးမိဘက ကောင်းဖို့ ဓိစဉ်တာကို မင်းက လက်မခံပဲ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် ဆိုယင် ကောင်းပြီ မင်းခြေ မင်းလက် အားကိုး နောက်ပြီး ငါ့အိမ်ပေါ်က ဆင်း ဒါပဲ ●



ဖေဖေက ဖူးဆို ဖရုံမသီးတတ်ပါ.. နောက်ဆုံးတော့ ကျွန်ုပ်ဘိုလောင် အိမ်ပေါ်က ဆင်းခဲ့သည်။ မေမေ တိတ်တဆိတ် ပေးလိုက်သည့် ငွေနှစ်သောင်းမှလွဲ၍ သူပိုင်သည်က သူ့ခြေ သူ့လက် သူ့အတတ်ပညာ





သူငယ်ချင်း ကိုတင်ဝင်းနှင့်
ပတ်သက်၍ သူ့အစ်ကို
ကိုလေးပွနှင့် ဆုံဖူးတွေ့ဖူး
သည်။ ကိုလေးပွရှိရာ…
မြိုင်သာယာကို အာရဲစွန့်
ထွက်ခဲ့၏








ကိုလေးပွနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်ခဲ့သည်မှာ တနှစ်ကျော်ပေပြီ.. အောင်မြင်မှု အတန်အသင့် ရလာပါသည်။






အိမ်ထောင်ပြုရမည်စိုး၍ ရှောင်လာသူက ဟော.. ခု.. ခက်နေချေပြီကော..'ဟင်း' ကိုမြာလောင်သက်ပြင်းကြီး တချက် ချမိပါသည်။
'ကောင်းပြီ မင်း ဘာလုပ်မလဲ မင်း ဘာလုပ်သင့်သလဲ အဲဒီ မေးခွန်းကို...... မင်းကိုယ်မင်း မေးရလိမ့်မယ်' ကိုလေးပွစကားများက ပဲ့တင် ထပ်လာ၏။
'ဟုတ်တယ် ငါ.. ဘာလုပ်ရမလဲ..' တောတောဆယ်တော့ ကိုမြာလောင် အိပ်ပျော်သွားပါသည်။

မီးဖွပ်အောင်းပေါက်တွင် မွေးဖွားပြီး အပူငွေ့လှုံသူလှုံ
အစာစားသူစား ရေသောက်သူသောက် နေကြသည့် ကြက်ငယ်
ကလေးများကို ကြည့်ရသည်မှာ ချစ်စရာ..



ကိုမြလေးဆောင်က ကြက်ငယ်
ကလေးများကို ငေးမောနေ
ပါသည်။ စိုးစိုးတက်ချက်မှာ
ကလေးက တရစ်ဝဲဝဲ ပေါ်
လာပါသည်။





❛ခက်တယ် စိုးစိုးရယ် ကိုယ်ကလေ
စိုးစိုးကို ဘယ်လို ဖွင့်ပြောရ
မလဲ ဆိုတာ အမြဲတမ်း စဉ်းစား
နေတယ်❜ ကိုပြာဇော်



တယောက်တည်းဆို့
လွတ်လွတ်လပ်လပ်ပျော်
နေ မိပါသည်■



❛စိုးစိုး ကိုယ့်ကိုလက်ခံပါ့မလား လက်ခံနိုင် မလားဟင်
ကိုယ့်ဘဝမှာ တခါမှ မဖြစ်ပေါ် ဖူးသေးတဲ့ အချစ်မျိုးနဲ့
စိုးစိုးကို ချစ်နေရပါတယ်ကွယ်❜





သူ တယောက်တည်းဆို့ ကိုပြာဇော် ရင်တွင်း၌ရှိသမျှ
အားလုံး ဖွင့်အန်နေပါသည်■


‘စိုး စိုး ရယ် ကိုယ်လေ… စိုးစိုးကို…’
‘ဒီတခါတော့ ကြက်ကလေးတွေကို မောင်းနေတာ ပူတက်မယ် မထင်ပါဘူး ခေါ် ကိုမြာလေဆောင်’ ‘ဗျာ…’
ကြက်ခြံတံခါးကွယ်မှ ထွက်လာသော စိုးစိုးထက်ကို မြင်လိုက်သဖြင့် ခိုးထုပ်ခိုးထည်နှင့် မိနေသူပမာ ကိုမြာလေဆောင် ပါးစပ်အဟောင်း သားဖြစ်သွားပါသည်။ ‘စိုး… စိုး အဲလေ ခင်ဗျား’ ‘ထွက်ပါ တယ် စိုးစိုး ပျင်းလို့ လာလည်ယင်း ကိုမြာလေဆောင့်ဆီ ဝင်လာတာ’
၁၂၇

ဗာချစ်သည် ခြေဖျား လက်ဖျားကို အေးစက်သွားစေပါသလော။ ကိုမှာလေဒေါင် အေးခဲသွားပါသည်။ "ဒါ.. ဒါဖြင့် ကျွန်တော် စောစောက ပြောတာတွေ အားလုံးကြားသွားပြီပေါ့နော်." စိုးစိုးထက် ခေါင်းညိတ်ပြပါသည်။






သည်တခါ.. ခြေဖျားလက်ဖျား အေးစက်သွားရသူက စိုးစိုးထက်■ ကိုပြာဖောင် တယောက်တည်း ပြောနေသည့် စကားများကို စိုးစိုးထက် အားလုံးကြားသည်■ ပြန်ကြွေ့မရှောင်ပဲ မရှုသည့် သဘောချိုးနှင့် ထွက်တွေ့ပစ်လိုက်၏■



အထက်တန်းကျောင်းမှာ.. တက္ကသိုလ်မှာ သူမကို ချစ်ခွင့် ပန်ခဲ့သူတွေ ဒုနှင့်ဒေး■
စိုးစိုးထက် အားလုံးကို ဥပေက္ခာ ပြုနိုင်ခဲ့သည်■


ပညာမှာလွဲ၍ ဘာကိုမျှ
စိတ်မဝင်စား။ သူမ
နှလုံးသားကို တံခါးပိတ်
သော့ချိတ် ထားခဲ့သည်။
ဟော.. ခုတော့
မချော်လောင့်ပဲ ပုတ်သတ်
လှုပ်နှိုးနေပါပကောလား
ဖိုးစိုးရယ် မင်းကိုလေ ရေထဲက
ပွေ့တင်လာပြီး သူကိုယ်တိုင်
ဂရုတစိုက်နဲ့ ပြုစုရှာတယ် သိပ်လည်း
စိုးရိမ်နေတဲ့ ပုံပဲကွ နောက်ပြီး....
နောက်ပြီး အဝတ်လဲရအောင်
၁၃၀
သူ့အခန်းထဲ ပွေ့ခေါ်သွား
တော့လေ.. မင်းအစားကွာ..
ကိုယ်မြင် ကြက်သီးတောင်
ထမိတယ်... ခင်ထားညိုရဲ့
အပြောက ရင်ဖိုစရာ....


'ကျွန်တော် ပြောတာ ဘယ်လို သဘောရသလဲဟင်'
မှင်တက်မိနေသည့် ပမာ တွေဝေနေသူ စိုးစိုးထက်က ကိုပြာမောင့်စကား ကြောင့်၊ သတိပြန် ဝင်လာသည်■
ဘာကို ဘယ်လိုသဘော ရ ရမှာလဲ ရှင့်
ဟိုလေဗျာ ကျွန်တော် ခင်ဗျား အဲလေ စိုးစိုးကို မေတ္တာရှိနေတယ် ဆိုတာ..


ဪ ကိုပြာဆောင်ရယ် စိုးစိုးတို့ တွေ့ကြုံမြင်ကြရတာ ရက်ပိုင်းပဲ ရှိပါသေးတယ် ဒါတောက်ဖာချိန်ကလေးနဲ့ လူတယောက်အပေါ် မေတ္တာ ရှိတယ် ဆိုတာ ပဥတ်နိုင်ပါ့မလား
၁၃၂
ဥနှစ်
မိန်းကလေးတယောက်ကို သုံးနှစ်သုံးမိုး ပိုးပန်းရတယ် ဆိုတဲ့ စနစ်က ရုပ်ပစ္စည်း အာမခံနဲ့ ဟောင်းနွမ်း ဆွေးမြေ့သွား ပါပြီစိုးစိုး ရယ်

မဟုတ်သေးဘူးလေ.. တယောက်အကြောင်း တယောက် သိဖို့ စောင့်လာရဦးမယ်.. စောင့်လာလည်း စောင့်လာသင့်တယ်










တကယ်ပဲလား နောက်ပြီး ကိုပြာဖောင့် ဘ၀အမှန်
ကကော ဘာမန် အရုပ်သမားတယောက်ရဲ့
အဆင့်အတန်းမျိုးပဲလား


ကိုပြာလောင် စကား ဆွံ့အ သွား ပါသည်။ မိုးမိုးထက်နှင့် တွေ့စကတည်း က သူ့ကိုယ်သူ အလုပ်သမားပါဟု ကိုယ်တိုင် ကြော်ငြာခဲ့သည်။ သူ့ဘဝ မှန်ကို သူ ဖုံးကွယ်ထားချင်သည်။
နေပါဦး မင်းက မင်းကိုယ်မင်း ငါ့ အလုပ်သမားဆိုပြီး ဟို ကောင်မလေးတွေ ရှေ့မှာ ပြောထားတာ.... ဘာသဘောလဲ.. ဘာ.. ကြောင်တာလဲ ကွ..
ဤကိစ္စနှင့် ပတ်သက်၍လည်း ကိုလေးပွက မေးခဲ့ဘူးပါသည်။


'ဂလိုပါဗျာ လူတွေရဲ့ အထင်ကြီးမှုကို မခံယူချင်တာ ကာလရှည်းတကြောင်း နောက်ပြီး မိဘတွေရဲ့ အသက်မှတ်ခံထားရတဲ့ လူတစ်ယောက်အဖို့ ဘဝဖွန့်ကို မြှုပ်ကွယ်ထားတာ အကောင်းဆုံးလို့ ယူဆမိတယ်ဗျာ..'
ဤသို့ ကိုလေးပွကို ရှင်းပြခဲ့ဖူးသည်။
သူ့အဖြေက ဒီလောက်ပါပဲ
စိုးစိုးထက် မေးလာတော့ သူ့အခက်
တွေ့နေပေပြီ
လိမ်ရမှာလား
ညာရမှာလား
အမှန်အတိုင်း ပြောပြရမှာလား
သူ
မဝေခွဲတတ်ပါ။



‘ဘယ်လိုလဲ ဆရာကြီး လိမ်ပို့ ညာပို့ နည်းလမ်းတွေ စဉ်းစား
နေတာလား စိုးစိုးနဲ့ ပတ်သက်လို့ အဖုံးအကာတွေ မထားဘူး
ဆို’ ‘ပြောပါ့မယ် စိုးစိုးရယ် တကယ်တော့ ကျွန်တော်ဟာ
ကိုလေးပွ အလုပ်သမားဆိုတာလည်း မမှားပါဘူး သူနဲ့အတူ
လာပြီး အလုပ်လုပ် နေတာကိုး မိဘက ပစ်ပယ်လိုက်တဲ့
သားတယောက် အနေနဲ့ သူများဆီမှာ လာမှီခိုရတာပါ’






စိုက်ပျိုးရေးဘွဲ့ရပြီး အိမ်ထောင်မပြုချင်လို့ မိဘပေးစားတဲ့ သူကိုမယူပဲ မြိုင်သာယာကို ထွက်ခဲ့တဲ့ အိမ်ဖြူးတစ်ယောက် ဆိုတာ... ကိုပြာဇော် အံ့ဩတကြီး ဖြစ်သွားသည်။






နို့ နေပါဦး အိမ်ထောင် မပြုချင်လို့ အိမ်မှာ ဆင်းခဲ့တဲ့ လူက ချစ်ရေး ဆိုနေတာ ဆန်းတယ်နော်




ဒါက ဂလိုရီရှိပါတယ် စိုးစိုးရယ် ပဲ့တွန်းက ကိုယ်ကြိုက်တဲ့သူမှ မတွေ့တာ နောက်ပြီး
ချစ်မေတ္တာ ဆိုတာကိုလည်း နားမလည်သေးဘူး အခုတော့
အခုတော့ ဘာဖြစ်သလဲ
အခုတော့ ဟောဒီက ချစ်စရာကောင်းတဲ့ ချစ်သူကလေး ကျွန်တော့် ချစ်သူလေး တွေ့နေပြီလေ


အောင်မယ် အောင်မယ် ပိုင်စိုးပိုင်နင်း
ဘယ်သူက ချစ်စေးလို့ ချစ်သူလို့
ကမ္ပည်း ထိုးနေရတာလဲ ပြောပါဦး
မလိုတော့ပါဘူး စိုးစိုးရယ်
ဂဏောက် ဆိုယင်ပဲ စိုးစိုး
ကိုယ့်အခေါ် ဘယ်လို
သဘောထားတယ် ဆိုတာ..
အသေအချာ
ကိုယ်သိသွားပါပြီ
သိပြီးသား အဖြေကို
မေးဖို့ လိုဦးမှာ
လား..လို့
?


‘ဩား လူလည်ကြီး အားကြီးရှုန်းပြီ ကောင်းတယ်’ စိုးစိုးထက်က လက်သီးဆုပ်ကလေးများဖြင့် ကိုပြာစောင့် ရင်ဘတ်ကို ထုရန် ရွယ်လိုက်သည်။
သူမ၏ လက်သီးဆုပ်ကလေးများကို ကိုပြာစောင်က အသာ အယာ ဖမ်းဆုပ်ပြီး ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပါသည်။
‘ကြည့်ပါလားလို့ အို..’ ‘ကြည့်နေတာပဲကွယ်... စိုးစိုး မျက်နှာကလေးကိုလေ.. အမြဲတမ်း ခုလို တစိမ့်စိမ့် ကြည့် နေချင်တယ် သိလား’


"အေးအေး ကြက်ကလေးတွေကို စောင့်ကြည့်ပါလို့ ခိုင်းထား
တာ ကြက်စာတွေလည်း မရှိ ရေတွေကလည်း ညစ်ပတ်ကုန်ပြီ
မောင်ပြာလေးတောင် ဘာတွေများ ဦးစားပေး ကြည့်နေပါလိမ့်နော်"




ကြက်ခြံကွင်းသို့ တိတ်တဆိတ် ဝင်လာသူ ကိုလေးပွကြီး၏
အသံကြောင့် သူတို့ နှစ်ယောက် ကမန်းကတန်း လူချင်းခွာလိုက်
ကြသည်။ နှစ်ဦးစလုံး ရှက်ရွံ့စိတ်ဖြင့် ဗိုးတိုးဗန်းတန်းဖြစ်နေ၏





ကြော် ကြော် ဒီဘက်မှာ
မင်းတို့က ဈေးမျှရေး လုပ်ငန်းနဲ့
ပတ်သက်လို့ ချေးချွေးခေါ်ကြ
တာကွိုး ကောင်းတယ်ကောင်းတယ်
မောင်မှာဆောင်ကာလဒေသ
ပီသမျှ ပြောပြလိုက်..
စိုးစိုးကာလဒေသ မှန်းတာတွေ
မေး ကြားလား
ခပ်တည်တည်ဖြင့် ကိုလေးပွ ပြန်ထွက်သွားသည်။ သူ့
မျက်နှာက အပိုးမသေ။ စပ်ဖြဲဖြဲ။ သာသနာဖျက်ကြီး
ဘယ်အချိန်ထဲက ရောက်နေတယ် မသိဘူး ဟင်းဟင်း


မမျှော်လင့်ပဲ မေမေ့ထံမှ စာတစောင် ရသည်။
သို့
သားလေး မောင်ပြာလောင်
မင်း သူငယ်ချင်း တယောက်ဆီက တဆင့် ပို့တဲ့လောက
မင်း မြို့ကို လာပြီး ပမ္မည်းပမ္မယ်တွေ ဝယ်ကြောင်း
သိရတယ်..
မင်း အဖိမ်က ထွက်သွားတော့ မင်းဖေဖေလည်း
စိတ်မကောင်း ဖြစ်နေရှာတယ်
ဒါပေမယ့်
မင်းဖေဖေက ဆုံးဖြတ်ချက်တခုကို ပြင်ခဲ့သား ကလေးကွယ်
တော်လှန်ရေး ကာလတုန်းက သူ့အသက်ကို ကယ်ခဲ့ဖူးတဲ့
ကျေးရှူးရယ် ရင်းနှီး ခင်မင် စိတ်ရှယ်ကြောင့်



သူ့အနေနဲ့ လူငယ်တွေ ကိစ္စကို လူကြီးချင်း စကား ပြောခဲ့တာ ဖြစ်တယ် သား ။
တကယ်ဆိုယင် လူငယ်တွေ ကိစ္စမှာ လူငယ်တွေ သဘောသဘာဝအရ စီစဉ်တာ အကောင်းဆုံးပဲလို့ မေမေ ကတော့ ယူဆတယ် ..
တဘက်က မိန်းကလေး မိဘတွေကလည်း မင်း အဖေကို ရင်းနှီးလေးစားတဲ့ စိတ်နဲ့ လက်ခံခဲ့ပေမယ့် သူတို့ သမီး အခြေအနေက အခု ငါ့သား ဖြစ်ရသလို မျိုး ဖြစ်မရဘူးလို့ ဆိုနိုင်မလား ..
ဒါတွေ ထားပါတော့လေ ..
မေမေ အခု ဒီစာကို ရေးလိုက်ရတဲ့ ရည်ရွယ်ချက်က သား ရောက်နေတဲ့ မြိုင်သာယာမှာ သားနဲ့ လေးစားဖို့ စီစဉ်ထားတဲ့ ..



မိုးကလေး ရွာနေတယ် - သူ့မိဘတွေက ဦးကျော်ထက်
ဒေါ်နှင်းမေ ဆိုယင် အဲဒီခက်မိုင် မြို့ မျက်နှာဖုံး တွေ -
မသိသူ မရှိဘူး -
သား ရဲ့ စမ်းလေ့လာပြီး တကယ်လို့ မင်းအဖေရဲ့
အမိအဖစဉ်ကို လက်ခံ နိုင်ယင် လက်ခံစေချင်တယ်ကွယ် --



သားအဖ နှစ်ယောက်လုံး ပေါင်းမောရှိတဲ့ ကြားမှာ
မေမေ မိတ်မဆင်းရဲပါရစေနဲ့ သားရယ် --

မေမေ
ချစ်သော





ကိုပြာစောင်က ဝမ်းသာအားရ
ဖော်ခေါ်လိုက်ပါသည်။
"ဟာ ဟာ ဘယ်လိုဖြစ်တာလဲ မင်းရည်းစား လင်နောက် လိုက်သွားလို့လား ဘာစေနှံ့တကြား" "ဟာ ပါးစပ်ပုပ် ကြီးနဲ့ မပြောကောင်း မဆိုကောင်း ဒီမှာဗျ မေမေ့ဆီကစာ"
၁၄၈


ခင်ဗျား သိပ်ဖုံ့ဖြိုးသွားမယ် သိလား ကျွန်တော့်ကို
အိမ်က ပေးစားမှာက ဘယ်သူနဲ့လဲ သိလား ခင်ဗျား
သိပ် ဖုံ့ဖြိုးသွားမယ် ဟင်း ဟင်း ဟင်း
ကဲ ပြောစရာရှိယင်လည်း ပြောစမ်းပါကွာ.. မင်းဟာက သီချင်း ပပေါ်ဦး ကျနေတာပဲ
ရှိုးရှိုးနဲ့ဗျ ရှိုးရှိုးနဲ့
ဟော
ကိုပြာခေါင်ကစာထဲမှာ ပါလာသည့် အကြောင်းစုံကို ရှင်းပြလိုက်သည်။
၁၄၉


အခုက မင်းတို့ချင်း မတွေ့ခဲ့ ကြဘူးလား သူ့မိဘတွေကကော ဘယ်သူ ဘယ်ဝါ ဆိုတာ မင်းက မသိဘူးလား မင်းကိုကော မမြင်
ဖူးဘူး လား
ဟဲ့
အေးဗျာ ကျောင်းပြီးတော့ ပေးစားမယ်လို့သာ ပြောတာ..
ကျွန်တော်တို့ချင်း တခါမှ မတွေ့ဖူးဘူး။ စိတ်မဝင်စားတော့ သူ့မိဘလည်း ဘယ်သူ ဘယ်ဝါလို့ မစုံစမ်း မိခဲ့ဘူးလေ
၁၅၀


အင်း မင်းဖြစ်ပုံက မောင်မောင် ခေါ်တော့ ဗျာမထူး အောင်ကျော် ခေါ်မှ ဗျာထူးရမှာ ဆိုးပါလား နို့ အခု ဘာလုပ်ကြမလဲ
စာတိုက်ကို သွားပေးဗျာ ဟောဒီ လိပ်စာအတိုင်း သံကြိုး ရိုက်ပေးပါ..
ဖေဖေ မေမေတို့ ဗီစဉ်တာ နာသံပါ့မယ် ဆောင်အလျှင်လို ဟုတ်တော့ဘူး လို့ ဟုတ်ပလား ဟား ဟား ဟား
ကိုပြာဆောင် သိပ်ပျော် နေသည်။ စိုးစိုးသာ သိယင် ဘယ်လောက် ဝမ်းသာလိုက် မလဲလေ...


အို.. စိုးစိုးကို အာသီမပေး လားပါ အနားနီးမှာ ဝမ်းသာလုံး ဆို့သွားအောင် ပြောပြလိုက်မယ် ကိုပြာဆောင်က ဤသို့ တွေးထားသည်။
ကိုပြာဆောင်က ခြံထဲမှာပင် အလုပ်လုပ် နေခဲ့သည်။
စိုးစိုးနှင့် တွေ့တော့လည်း သည်အကြောင်းကို လုံးဝ မဟ။
၁၅၂


ခြံတဲသို့ စိုးစိုး မလာသည်မှာ
ကာပတ် ကျော်ခဲ့ပြီ..
နေများ မကောင်းလေရော့
သလား။
ကိုပြာစောင် စက်ဘီးတစ်စီး
ဖြင့် ခြံတဲသို့ထွက်ခဲ့သည်။
စိုးစိုးကို အိပ်မွေ့ခြံတဲမှာ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသည်
"ဟင် စိုး မျက်နှာလည်း မကောင်းပါလား"
ညှိုးလျော်သော ချစ်သူမျက်နှာသည် ရင်ကို ပူလောင်စေပါသည်

‘စိုး ဘာဖြစ်နေတာလဲဟင် နေမကောင်းဘူးလား’
စိုးသည် အဝေးသို့ တွေတွေငေးငေး။ ရောက် မပွင့်တပွင့်
နှင့် ‘ကောင်းပါတယ် ကိုပြာလေအောင် ဒါပေမယ့်’









အို ဒါများလား စိုးစိုးရယ်.. အိမ်က စီစဉ်တာပဲ လက်ခံ လိုက်ရောပေါ့!
ဘာ ဘယ်လိုပြော လိုက်တယ် ကိုပြာမောင် စိုး နားကြားလွဲတာမဟုတ် ပါဘူးနော် အိမ်ကစီစဉ် တာ လက်ခံရမယ်.. ဟုတ်လား
ဟုတ်ပါတယ် စိုးစိုးရဲ့ မိဘတွေ စီစဉ်ပေးတာကိုပဲ လိုက်နာတာ အသင့်တော်ဆုံးလို့ ကိုယ်က အကြံပေးတာပါ.. ကိုပြာမောင်၏ မထိတထိ ကလိချက်ကြောင့် စိုးစိုးထက် မျက်နှာတင်းသွားသည်။

"တော်တော့ ကိုပြာဇော် တော်တော့ စိုးစိုး မကြားချင်ဘူး
စိုးစိုး အပေါ်မှာ ထားတဲ့ ကိုပြာဇော်ရဲ့ မေတ္တာကို စိုးစိုး
နားလည်သွားပါပြီ နားလည်သွားပါပြီရှင်..." စိုးစိုး ထက်
မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။






'သိတာပေါ့ တမြို့ထဲမှာ နေတဲ့ ကိုစိုးလွင်ကို မသိပဲ နေပါ့မလား'
ကိုပြာချောင် မျက်လုံးပြူး သွားသည်။ 'ဘယ်..ဘယ်သူ ကိုစိုးလွင် ဟုတ်လား'
ဟိုက်!
'ဟုတ်တယ် ဟိုနေ့ကပဲ သူ့မိဘတွေ လာပြီး စကားကမ်းလှမ်း ကြတယ် ခက်တာက မဒိမြကလည်း သဘောတူနေတယ် လာမယ့်နှစ်မှာ လက်ထပ် ပေးကြမယ်တဲ့'
'ဒါ..ဒါဆို မာချောင်က ဦးကျော်ထက် ဒေါ်အုန်းမေတို့ သမီးနဲ့ စေ့စပ်ခဲ့တဲ့ ရန်ကုန်က ကိစ္စကကော'

❛ဒါက ဘာဆိုင်လဲ မမချိုး ကိုစွပဲဟာ စိုးထက်အကြီး
မမချိုးချိုးထက်က ရှမ်းပြည်မှာ ကျောင်းဆရာမ လုပ်နေ
တယ်လေ.. ဖေဖေမေမေတို့က ဒီနှစ်ပဲ သူတို့ကိစ္စကို စီစဉ်




ဟင်!
ဒါဖြင့် ဘယ်လို လုပ်မလဲ
ဖေဖေတို့ဆီ အမြန်ပြန်ပြီး ဒီကို တပါတည်း ခေါ်လာခဲ့မှ ဖြစ်မယ် စိုးရေ.. ဖေဖေတို့နဲ့ စိုးမိဘတွေ တွေ့ပြီး အစီအစဉ်တွေ အမြန်ပြောင်းဖို့ ပြောရတော့မှာပဲ
မြန်မြန် လုပ်ရမယ်စိုး သွားမယ် သွားမယ်..
ကိုမြအောင်က စီးလာသည့် စက်ဘီးကို ဒရောသောပါးနှင့် ဆွဲ၍ မျောက်မီးခဲ ကိုင်မိသလို ခြံထဲမှ ထွက်သွားလေပြီ.....

အကာယ်ချိုသာ ကိုပြာစောင်တစောက် ခြံထဲကိုပြန်လာပြီး ပန်းကွယ်ရာမှ ထွက်လာသူ ခင်ထားညိုနှင့် စိုးစိုးထက်တို့ နှစ်ယောက် ပြောနေကြမည့် စကားများကို သူ နားထောင် ကြည့်မည် ဆိုလျှင်..



'မိစိုးရယ် မင်း အကာယ်ဖမ်း အကြောင်းကတော့ ကောင်းပါရဲ့ကွာ.. ဒါပေမယ့် တဘက်သား ခမျာ ဘယ်လောက် ဒုက္ခ ရောက်သွားသလဲ ကြည့်စမ်း'



'ဖြစ်စမ်းပါစေ မိညိုရယ် မာသာနားပေါင် ဟင်း သူကတော့ မပြောပဲနဲ့ ငြိမ်နေနိုင်သေးတာ.. ငါလို လူပါလိုက်မှ သင်းမှတ်မယ် သိလား ဟင်းဟင်း'

သူငယ်ချင်းနှစ်ယောက် ရယ်သံက ခြံထဲတွင် ပျံ့လွင့်သွားပါတော့သည်။

